# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်( ၀၈၆)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေယာဉ် (မုတ္တမ) ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တပ်မတော်(ရေ) အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သော အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကာ တပ်မတော်(ရေ)နှင့် တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းသွားကြရမည်

နေပြည်တော် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❑







နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**ပြောင်းလဲဖွဲ့စည်းခဲ့**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တပ်မတော်(ရေ)၏ သမိုင်းကြောင်းကိုပြန်ကြည့်ပါက ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေတပ်သည် ၁၂ ရာစု ပုဂံခေတ်ကတည်းက အစပြုခဲ့ပြီး ၁၈ ရာစုကုန်းဘောင်ခေတ်တွင် ရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များဖြင့် စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့သော်လည်း ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လက်အောက် သို့ကျွန်ဘဝရောက်ရှိခဲ့မှုနှင့်အတူ တိမ်မြုပ်ခဲ့ရကြောင်း၊ ထို့နောက် ၁၉၄၀ ပြည့်နှစ်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်(BRNVR)ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၂ ခုနှစ် ဂျပန်တို့ မြန်မာနိုင်ငံ သိမ်းပိုက်စဉ် ဗမာ့အပျော်တမ်း အရန်ရေတပ်ကလည်း အိန္ဒိယကို အင်္ဂလိပ်တို့နှင့်အတူ တချို့တစ်ဝက် ပါသွားခဲ့ပြီး ၁၉၄၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော်(BIN) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ) အဆင့်ဆင့်တိုးတက်လာမှုသမိုင်းပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

**အင်အားဖြည့်တင်းနိုင်ခဲ့**

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ပြန်လည်ထိန်းချုပ်လာနိုင်ခဲ့ပြီးနောက် လွတ်လပ်ရေး မရမီရက်ပိုင်းအလို ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်ကို "ဗမာ့ရေတပ်မတော် (Burma Navy)"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘိုက ရေတပ်ဦးစီးချုပ်အဖြစ် အင်္ဂလိပ်တို့ထံမှ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ပြီး စတင်တည်ထောင်စဉ်က အရာရှိ ၇၅ ဦး၊ စစ်သည် ၅၀၀ နှင့် စတင်ခဲ့ကြောင်း၊ စစ်ရေယာဉ်များအနေဖြင့် ဖရီဂိတ်စစ်ရေယာဉ် (မေယု)၊ မိုင်းရှင်းရေယာဉ်နှစ်စင်းနှင့် တိုက်ရေယာဉ် ၁၂ စင်း၊ စစ်ရေယာဉ်စုစုပေါင်း ၁၅ စင်းဖြင့် စတင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်အသုံးပြုနိုင်ခဲ့ပြီး တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ်များအပါအဝင် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်များကိုလည်း အင်အားဖြည့်တင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်က ပင်လယ်ပြင်စစ်ဆင်ရေးများကို အကန့်အသတ်ဖြင့်သာဆောင်ရွက်နိုင်ခဲ့သည့်ရေတပ်မှ ယခုအခါမှာ သီးသန့်စီးပွားရေးဇုန်နှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးလှုပ်ရှားနိုင်သည့် ရေတပ်အဖြစ် တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

**သဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေ**

မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းသည် ၁၂၆၀ ရေမိုင်ရှည်လျားပြီး ကိုကိုးကျွန်းကဲ့သို့ မဟာဗျူဟာ အချက်အချာကျသည့် ကျွန်းများအပါအဝင် ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၁၄၀၀ ကျော်ရှိကြောင်း၊ ရေပြင်နယ်နိမိတ် စတုရန်းမိုင် ၁၄၀၀၀၀ ကျော် ကျယ်ဝန်းပြီး ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ ပေါများသည့် ပင်လယ်ကမ်းရိုးတန်းသဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေကြောင်း။

**လွှဲပြောင်းလက်ခံအသုံးပြုလျက်ရှိ**

ထိုသို့ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ ပေါကြွယ်ဝပြီး အဖိုးတန်လှသည့် မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်ရန် ရေပြင်၊ ဝေဟင်၊ ရေအောက် စစ်ဆင်နိုင်သည့် စစ်ရေယာဉ်ကြီးများကို တည်ဆောက်တပ်တော်ဝင်နေသကဲ့သို့ တပ်မတော်(ကြည်း)၊ တပ်မတော် (လေ)တို့နှင့်အတူ ပူးပေါင်းစစ်ဆင်ရေးများဆောင်ရွက်ခြင်း၊ စစ်ကူပစ်ကူပေးခြင်း၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အသီးသီး၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပစ္စည်းများသယ်ယူပို့ဆောင်ပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် ပင်လယ်ပြင်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်များ၊ မြစ်တွင်းသွားဘက်စုံသုံးစစ်ရေယာဉ်များ၊ ကမ်းထိုးရေယာဉ်များ၊ ထောက်ပံ့ရေးရေယာဉ်များနှင့် ဆေးရုံရေယာဉ်တို့အား တည်ဆောက်တပ်တော်ဝင်ခြင်းနှင့် လွှဲပြောင်းလက်ခံအသုံးပြုလျက်ရှိကြောင်း။

၂၁ ရာစုတွင် နိုင်ငံအများစုသည် သမားရိုးကျခြိမ်းခြောက်မှုများအပြင် သမားရိုးကျမဟုတ်သော

**❖ မိမိတို့တပ်မတော်(ရေ)သည် မြစ်တွင်းသွား တိုက်ရေယာဉ်မှစပြီး ယခုကဲ့သို့ အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့၊ "ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်များ အရေအတွက်များများ ပိုင်ဆိုင်နိုင်ရေး ဆက်လက်ကြိုးပမ်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ ရေပြင်သဘာဝနှင့် ကိုက်ညီသည့် မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့သည့်အတွက် မြစ်တွင်းစစ်ဆင်ရေးများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ခဲ့**

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်) ချီတက်အလေးပြုစဉ်။

*စာမျက်နှာ ၃ မှ*

ခြိမ်းခြောက်မှုများဖြစ်သည့် ပင်လယ်ဓားပြမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုကူးမှုစသည့် ရေကြောင်းလုံခြုံရေးဆိုင်ရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေကြရကြောင်း၊ ထိုသို့ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် ရေတပ်ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ ပိုင်နက်ပင်လယ်၊ သီးသန့် စီးပွားရေးဇုန်၊ ကမ်းရိုးတန်းဒေသများနှင့် နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေများနှင့်အညီ အပြည့်အဝထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

လတ်တလော နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေများအရ ရေကြောင်းစွမ်းအားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ ရေကြောင်းမှတပ်ဖွဲ့များ၊ ရိက္ခာများ၊ လက်နက်ခဲယမ်းများ သယ်ယူပို့ဆောင်ပေးခြင်းသာမက ပစ်ကူစစ်ကူပေးခြင်းကိုပါ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ရေကြောင်းစွမ်းအားရရှိရေးအတွက် ရေတပ်အင်အားကို တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ကမ်းခြေစောင့်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်(ရေ)မှ ဦးဆောင်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တို့ နှင့် အတူတကွလက်တွဲကာ မိမိတို့နိုင်ငံ၏ ရေကြောင်းလုံခြုံရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**အမျိုးအစားစုံ အချိုးကျကျ ဖွဲ့စည်းထားရှိရန်လို**

မိမိတို့နိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမဟုတ်ဘဲ သီးသန့် စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာ တည်ရှိနေသည့်အတွက် တပ်မတော်(ရေ)အနေဖြင့် လွှမ်းခြုံကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ပင်လယ်ပြင်နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံရေတပ်များနှင့် ယှဉ်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းအားကောင်းသည့် စစ်ရေယာဉ်များကို အမျိုးအစားစုံ အချိုးကျကျ ဖွဲ့စည်းထားရှိရန်လိုအပ်ကြောင်း။

တပ်မတော်(ရေ) ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့် ပြည့်စုံအောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ရေယာဉ်အသင့်ဖြစ်မှုအတွက် စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့်နေရာတွင်လည်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ်များ အဆုံး၊ အထောက်အကူပြုရေယာဉ်များပါမကျန် အမျိုးအစားစုံလင်စွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

မိမိတို့တပ်မတော်(ရေ)သည် မြစ်တွင်းသွား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တိုက်ရေယာဉ်မှစပြီး ယခုကဲ့သို့ အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း၊ “ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်များ အရေအတွက်များများ ပိုင်ဆိုင်နိုင်ရေး ဆက်လက်ကြိုးပမ်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ ရေပြင်သဘာဝနှင့်ကိုက်ညီသည့် မြစ်တွင်းသွား ဘက်စုံသုံး စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့သည့်အတွက် မြစ်တွင်းစစ်ဆင်ရေးများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ရေတပ်သားတစ်ဦးချင်းစီ၏ နှလုံးသားထဲတွင် “နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျကာကွယ်နိုင်ရမည်” ၊ “နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်”၊ “ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်”ဆိုသည့် တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စွဲမြဲစွာမှတ်သားထားရမည်ဖြစ်ကြောင်း၊ ကျယ်ပြောလှသည့် မြန်မာ့ပင်လယ်ပြင်ကို ရေတပ်တစ်ခုတည်းဖြင့် ပြည့်ပြည့်စုံစုံကာကွယ်နိုင်ရန် မဖြစ်နိုင်ကြောင်း၊ ကြည်းတပ်၊ လေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့နှင့် ပေါင်းစပ်ပြီး ကာကွယ်မှသာ နိုင်ငံတော်၏ ရေကြောင်းလုံခြုံရေးအခန်းကဏ္ဍကို ပိုမိုအာမခံနိုင်မည်ဖြစ်ကြောင်း၊ ရေကြောင်းစစ်ဆင်ရေးသည် ဘက်စုံအသွင်ဆောင်သည့် သဘောသဘာဝရှိပြီး မျက်မှောက်ခေတ်ရေကြောင်းစစ်ဆင်ရေးကဏ္ဍကို ထိရောက်အောင်မြင်စွာစစ်ဆင်နိုင်ရန် စစ်ရေယာဉ်မျိုးစုံပါဝင်ပြီး ခေတ်မီလက်နက်နှင့် လက်နက်စနစ်များ၊ အရည်အချင်းပြည့်ဝသည့် ရေတပ်သားများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်စစ်ဆင်ရန်လိုအပ်သည့်အပြင် ကမ်းတက်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေး၊ ခြေလျင်အသွင်တိုက်ပွဲဝင်နိုင်ရေးအတွက်ပါ အမြဲစုဖွဲ့လေ့ကျင့်ထားရန်လိုအပ်ကြောင်း။

**တိုက်ပွဲဝင်အသင့် ရေတပ်အဖြစ် ရောက်ရှိနေ**

တပ်မတော်(ရေ)၏ ကဏ္ဍကြီး ၄ ရပ်ကို ထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ဟန်ချက်ညီတိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရရှိရန်အတွက် စစ်ဆင်မှုနယ်ပယ် ၄ ရပ်တွင် စစ်ဆင်နိုင်မည့် ခေတ်မီ Platform များ၊ စွမ်းရည်မြင့်လက်နက်နှင့် လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွားစစ်ရေယာဉ်ကြီးများသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ်အဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင်တည်ဆောက်အသုံးပြုလာနိုင်သည့်အတွက် ရေပြင်စစ်ဆင်ရေး၊ ဝေဟင်စစ်ဆင်ရေး၊ ရေအောက်စစ်ဆင်ရေး၊ အီလက်ထရောနစ်စစ်ဆင်ရေး စသည့် စစ်ဆင်မှုနယ်ပယ် ၄ ရပ်စလုံးတွင် တိုက်ပွဲဝင်နိုင်စွမ်းရှိသဖြင့် နောင်တွင် ရေတပ်၏ ကဏ္ဍကြီး ၄ ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် စာနာအကူအညီပေးရေးကဏ္ဍများကိုလည်း ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပင်လယ်ပြင်တွင်ကြုံတွေ့နေရသည့် သမားရိုးကျမဟုတ်သောခြိမ်းခြောက်မှုများဖြစ်သည့် တရားမဝင်ငါးခိုးဖမ်းမှု၊ လူ/လက်နက်မှောင်ခိုသယ်ဆောင်ဖြတ်သန်းမှု၊ သစ်ခိုးထုတ်မှု၊ တရားမဝင်ပြောင်းရွှေ့နေထိုင်မှု၊ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ ပင်လယ်ဓားပြနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန်တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ဥပဒေမဲ့ ဖြတ်သန်းသယ်ဆောင်မှုများကို ထိရောက်စွာ တားဆီးနိုင်မှသာ ရေကြောင်းဆိုင်ရာလုံခြုံမှု (Maritime Security)ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စာနာအကူအညီပေးရေးကဏ္ဍအနေဖြင့် “အထက်အမိန့်တစ်စုံတစ်ရာစောင့်ဆိုင်းစရာမလိုဘဲ ချက်ချင်းဆောင်ရွက်ပေးရန်” မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ပေးထားခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသည့်သူများကို ကူညီခြင်း၊ နိုင်ငံရပ်ခြားတွင် ဒုက္ခမျိုးစုံကြုံတွေ့နေရသည့် မိမိတို့၏သွေးချင်းတိုင်းရင်းသားပြည်သူများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးတာဝန်များထမ်းဆောင်ခြင်း၊ မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်းတစ်လျှောက် ကျွန်းနေပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ မုတ်သုံရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များနှင့် ကမ္ဘာ့ကပ်ရောဂါခံစားရသည့်ဒေသများတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်ပေးနေမှုများသည် ပြည်သူများ၏ အသက်အိုးအိမ်ကာကွယ်ရေးကို တစ်ဖက်တစ်လမ်းက ကာကွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သဘောပေါက်ရန်လိုကြောင်း၊

*စာမျက်နှာ ၅ သို့*



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါ နိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေး အခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၄ မှ*

ထိုသို့ဆောင်ရွက်ပေးခြင်းသည် မိမိတို့တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်ထားရှိသည့် မွန်မြတ်သည့် စိတ်ထားပင်ဖြစ်ကြောင်း။

သံတမန်ရေးရာကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံ ရေတပ်များ၊ အာဆီယံရေတပ်များသာမက နိုင်ငံ တကာရေတပ်များနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်း လေ့ကျင့်ဆောင်ရွက်စေခဲ့ပြီး တပ်မတော်၏အဆင့် အတန်းကို ပြသနိုင်ခဲ့ကြောင်း၊ အာဆီယံရေတပ် ဦးစီးချုပ်များ တွေ့ဆုံပွဲ၊ အိမ်နီးချင်းနိုင်ငံ ရေတပ်များ၊ အာဆီယံရေတပ်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ၊ အာဆီယံရေတပ်များ၊ နိုင်ငံပေါင်းစုံရေတပ်များနှင့် ပြုလုပ်သည့်လေ့ကျင့်ခန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည့်အတွက် တပ်မတော်(ရေ)အနေ ဖြင့် သံတမန်ရေးရာကဏ္ဍကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**လက်ဆင့်ကမ်းပေးသွားရမည်**

တပ်မတော်(ရေ) ကို တိုက်ပွဲဝင်အသင့်ဖြစ်စေ ရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှု ဆိုသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့် ပြည့်စုံအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှု ရှိစေရေး အမြဲမပြတ် လေ့လာလေ့ကျင့်နေရမည် ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အသားကျ လေ့ကျင့်ရန် လိုအပ်ကြောင်း၊ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြ မည့် တပ်မတော်(ရေ)မျိုးဆက်သစ်အရာရှိ၊ စစ်သည် များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်း များ လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွား များကို ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန် များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားရင်း ယနေ့ကျရောက်သည့် (၇၈) နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ မှသည် နောင်လာမည့်နှစ်ပတ်လည်နေ့များစွာတိုင် တိုက်စွမ်းရည် တိုက်စွမ်းအား မြင့်မားကောင်းမွန်ပြီး နိုင်ငံတော်အတွက် အားထားရသည့် တပ်မတော်(ရေ) အဖြစ် အစဉ်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်း Documentary အား ကြည့်ရှုကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု(၇၈)နှစ်မြောက် နှစ်ပတ်လည် နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ရေ)သမိုင်း မှတ်တမ်းစာအုပ်နှင့် ဓာတ်ပုံ Album တို့အား ဂါရဝပြု ပေးအပ်ပြီး တပ်မတော် (ရေ) အရာရှိများမှ "ပြည်ထောင်စုညီ ရှေ့သို့ချီ" ဂုဏ်ပြုတေးသီချင်းဖြင့် ဩဘာခံဖျော်ဖြေကြသည်။ ဆက်လက်၍ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် တပ်မတော်(ရေ) ပြခန်းသို့သွားရောက်၍ တပ်မတော်(ရေ)အဆင့်ဆင့် တိုးတက်လာမှုသမိုင်း ပြခန်းနှင့် သုတေသနပြကွက်များအား လှည့်လည် ကြည့်ရှုခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။



**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။**

**ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေး**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်သည် စစ်ရေယာဉ် (မုတ္တမ) ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြု ခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ် (ရန်ကြီး အောင်)တို့မှ အမြောက်(၂၁)ချက်ပစ်ဖောက်ပြီး နိုင်ငံ တော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်အား ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက် စစ်ရေယာဉ်(တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့် ရေယာဉ်(အင်းလေး)၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်(ရန်ငြိမ်းအောင်)နှင့် ရေငုပ်သင်္ဘောတိုက်ဖျက် ရေးရေယာဉ်(ရန်ရဲအောင်)၊ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ်(၄၉၁)၊ အမြန်သွား တိုက်ခိုက်ရေးရေယာဉ် (ဒုံးပျံ) စစ်ရေယာဉ်(၄၉၂) တို့က Single Line Formation ပုံစံဖြင့်လည်းကောင်း၊ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်စစ်ရေယာဉ် (၅၆၄)၊ (၅၆၆)၊ (၅၅၆)၊ (၅၅၈)၊ ကမ်းခြေစောင့် တိုက်ခိုက်ရေးရေယာဉ် စစ်ရေယာဉ် (၄၂၇)၊ (၄၂၈)၊ အမြန်သွားကင်းလှည့်ရေယာဉ် စစ်ရေယာဉ် (၂၇၁)၊ (၂၇၂)၊ (၂၇၆)၊ (၂၇၈) တို့က Line Abreast Formation ပုံပြုပုံစံများဖြင့် အသီးသီးပုံပြမောင်းနှင်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အား ချီတက်အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုပစ်ခတ်ထား သည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်း အမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြု လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူ အသီးသီးက လက်ခံရယူကြသည်။

**တပ်မတော်၏ဂုဏ်ကိုထိန်းသိမ်း**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က တပ်မတော်(ရေ) အရာရှိ၊ စစ်သည် များအား လမ်းညွှန်အမှာစကားပြောကြားရာတွင် မြန်မာ့တပ်မတော်တွင် တပ်မတော်(ရေ)ကို (၇၈)နှစ် တာကာလအတွင်း အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်အသုံးပြု နေနိုင်သည့်အနေအထားသို့ ရောက်ရှိခဲ့ပြီဖြစ် ကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် ကျန်းမာ ကြံ့ခိုင်မှုရှိရမည်၊ ရဲစွမ်းသတ္တိနှင့် တိုက်ရဲခိုက်ရဲသည့် စိတ်ဓာတ်ရှိရမည်၊ မိမိတို့တစ်ဦးချင်းတာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင် နေရမည်ဖြစ်ကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲ တိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည် မပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီး ဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင် ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထား သည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြား ချက်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ် ကြောင်း၊ **ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော် တည်ရှိ ရမည်၊ မြန်မာနိုင်ငံတော်တည်ရှိနေသရွေ့ မြန်မာ့ တပ်မတော်တည်ရှိရမည်၊ မြန်မာ့တပ်မတော် တည်ရှိ နေသရွေ့ တပ်မတော်(ရေ)သည်လည်း တည်ရှိ ရမည်ဖြစ်**ကြောင်း၊ **တပ်မတော်(ရေ) အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သော အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်း ကာ တပ်မတော်(ရေ)နှင့် တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းသွားကြရမည်ဖြစ်**ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၃)ရေတပ် ဆိပ်ခံတံတားမှ ရေဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်(ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

ထိုသို့သွားရောက်စဉ် မြစ်အတွင်းရှိ တပ်မတော် (ရေ) စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အား လမ်းတစ်လျှောက် အလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀)ပြည့် ပတ္တမြားရတု၊ သန်လျင်ရေနံချက်စက်ရုံရာပြည့်နှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀) ပြည့် ပတ္တမြားရတု၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်နှင့် စွမ်းအင်ပြတိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ရှိ အမှတ်(၁) ရေနံချက် စက်ရုံ(သန်လျင်)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ တိုင်းရင်းသားမောင်မယ်များနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနား**

ထို့နောက် စွမ်းအင်ပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ပြတိုက် ပြင်ပပြကွက်အား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ကော်မရှင်အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ပြတိုက် ပြင်ပပြကွက်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပြကွက်များအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

**စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက် စက်ရုံ ရာပြည့်အခမ်းအနား**

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀) ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသူလေးများက "စွမ်းအင်မှသည် စွမ်းအား" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀) ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ၁၉၈၅ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနသည် ယခုအခါ နှစ် (၄၀) ပြည့်မြောက်ပြီး ပတ္တမြားရတုတိုင်ခဲ့ပြီဖြစ်သကဲ့သို့ ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် သန်လျင်ရေနံချက်စက်ရုံကြီးသည်လည်း ရာပြည့်ကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအတွက်အောင်မြင်မှုသမိုင်းကြောင်းနှင့်အတူ ဂုဏ်ယူဖွယ်ရာ နှစ်တစ်နှစ်လည်းဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာနသည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အသက်သွေးကြောတမျှ လိုအပ်ချက်ဖြစ်သည့် စွမ်းအင်များကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်ပေးခဲ့သည့်ဌာနဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက် အရေးကြီးသည့် ဌာနတစ်ခုလည်းဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာနဟု သီးသန့်ဌာနတစ်ခုအဖြစ် သတ်သတ်မှတ်မှတ် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ အခုအချိန်တွင် နှစ်ပေါင်း (၄၀) ပြည့်မြောက်တာဖြစ်သော်လည်း အမှန်တကယ်တွင် မြန်မာ့ရေနံလုပ်ငန်းသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သဖြင့် ရှည်လျားသော သမိုင်းကြောင်းရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေနံလုပ်ငန်းနှင့်ပတ်သက်လာပါက သမိုင်းမှတ်တမ်းကောင်းများစွာရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ရေနံချက်လုပ်ငန်းနှင့်ပတ်သက်၍လည်း ဗြိတိသျှတို့အနေဖြင့် ၁၈၇၁ ခုနှစ်ကတည်းက **"ရန်ကုန်ရေနံကုမ္ပဏီ"** အမည်ဖြင့် ရေနံချက်လုပ်ငန်းကို စတင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရကြောင်း၊ ၁၉၂၅ ခုနှစ်တွင် ခေတ်မီ နည်းစနစ်များကို အသုံးပြုထားပြီး နေ့စဉ်လည်ပတ်ချက်လုပ်နိုင်စွမ်း ဂါလန် (၈) သိန်းရှိသည့် သန်လျင်ရေနံချက်စက်ရုံကြီးကို တည်ဆောက်ခဲ့ကြောင်း။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထို့နောက်တွင်လည်း သန်လျင်ရေနံချက်စက်ရုံကို အဆင့်ဆင့် တိုးချဲ့တည်ဆောက်ခဲ့ပြီး ရေနံထွက်ပစ္စည်းအမျိုးမျိုးကို ဆက်လက်ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်တွင် ကုန်ကြမ်းရရှိမှု နည်းပါးခြင်း၊ ထုတ်လုပ်သည့် စက်သုံးဆီများ၏ အရည်အသွေးသည် ဈေးကွက်လိုအပ်ချက်ကို မပြည့်မီခြင်း စသည့်အခြေအနေများကြောင့် ယခုစက်ရုံကြီး၏ ရေနံချက်လုပ်ခြင်းလုပ်ငန်းများကို ရပ်နားထားခဲ့ရသည်မှာ ယခုအခါ ၈ နှစ်ကျော်ကာလ ရှိလာခဲ့ပြီဖြစ်ကြောင်း။

**တစ်နှစ်လျှင် တန်ချိန် (၅) သိန်း ချက်လုပ်နိုင်မည်**

သို့သော် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် မကြာခင်ကာလအတွင်း၌ တစ်နှစ်လျှင် တန်ချိန် (၅) သိန်း ချက်လုပ်နိုင်မည့် သန်လျင်ရေနံချက်စက်ရုံသစ်ကြီးကို ပထမအဆင့် (Phase I) အနေဖြင့် စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဒုတိယအဆင့် (Phase II) အနေဖြင့် တစ်နှစ်ကို တန်ချိန် (၃) သန်း ချက်လုပ်နိုင်မည့် စက်ရုံကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းအသစ်များ၊ ရေနံမြေအသစ်များ ထွက်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ သက်တမ်းရင့်ရေနံချက်စက်ရုံ၊ ရေနံဓာတုဗေဒစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံကြီးများ စွမ်းအားပြည့် ပြန်လည် လည်ပတ်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိရေနံမြေများမှ ရေနံအထွက်တိုးစေရေး ခေတ်မီနည်းပညာများ အသုံးပြုပြီးဆောင်ရွက်ရန် တိုင်းရင်းသားရေနံလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး နည်းစနစ်ကျရေနံတွင်းများ တူးဖော်နိုင်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်များ အဆင့်မြှင့်တင်နေသည်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ခြင်းကြောင့် နိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း။

စွမ်းအင်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းသည်လည်း ခေတ်ကာလအဆက်ဆက် စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကာယ၊ ဉာဏလုပ်သားများ အားလုံးပေါင်းစည်းပြီး တက်ညီလက်ညီဆောင်ရွက်ပေးခဲ့ကြခြင်းကြောင့်သာ ဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်မှု စွမ်းပကား၏ အသီးအပွင့်များဖြစ်သည့် တိုးတက်အောင်မြင်မှုများအတွက် နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဝန်ထမ်းအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံများအနေဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးကဲ့သို့ ရုပ်ကြွင်းလောင်စာများ၊ နျူကလီးယားစွမ်းအင်များအပြင် ရေစွမ်းအင်၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဟိုက်ဒရိုဂျင်စသည့် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များကိုပါ တိုးချဲ့ရှာဖွေပေါင်းစပ်ပြီး Energy Mix အနေဖြင့် အသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀) ပြည့် ပတ္တမြားရတု၊ သန်လျင်ရေနံချက်စက်ရုံရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။**

**ရေနံနှင့်သဘာဝဓာတ်ငွေ့ကို အဓိကမှီခိုအသုံးပြုနေရဆဲဖြစ်**

ကမ္ဘာ့နိုင်ငံအသီးသီး၏ စွမ်းအင်ဖွံ့ဖြိုးမှု အစီအမံများကိုကြည့်ပါက အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်အသုံးပြုရန် ရည်မှန်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ လျင်မြန်စွာ တိုးမြင့်လာနေသည့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကိုလည်း အဓိကမှီခို အသုံးပြုနေရဆဲ ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပြန်ပြည့်မြဲစွမ်းအင် တိုးမြှင့်အသုံးပြုနိုင်စေရန်အတွက် နေစွမ်းအင်၊ လေစွမ်းအင်တို့မှ လျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ စက်သုံးဆီများ အသုံးပြုမှုလျှော့ချနိုင်စေရန် လျှပ်စစ်ကားများကို အစားထိုးအသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့လောင်စာများကို ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေအောင် အဆင့်မြင့်နည်းပညာများ အသုံးပြုသုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေသည်ကို ပြောကြားလိုကြောင်း။

ဆက်လက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကို စနစ်တကျ ရှာဖွေ၊ ဖော်ထုတ်၊ အသုံးပြုသွားရန်အတွက် မိတ်ဆွေနိုင်ငံများက ရေနံကုမ္ပဏီကြီးများအပြင် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း အရေးကြီးလုပ်ငန်းစဉ်တစ်ခုအဖြစ် တစိုက်မတ်မတ် ဆောင်ရွက်သွားရန် လိုအပ်သည်ကို အလေးထား မှာကြားလိုကြောင်း။

အတွေ့အကြုံများအရ နိုင်ငံတကာရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်ဆောင်ရွက်မှု၏ အကျိုးရလဒ်အနေဖြင့် အကောင်အထည်ဖော်နိုင်ခဲ့သည့် ကမ်းလွန်စီမံကိန်းကြီးများသည် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိသည့် စီမံကိန်းကြီးများ ထပ်မံဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ ရည်မှန်းချက်ထားဆောင်ရွက်**

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးမှာ AI နည်းပညာအသုံးပြုနိုင်ရေး၊ 3D Seismic နည်းပညာ အသုံးပြုနိုင်ရေးနှင့် ရေနံချက် လုပ်ခြင်းအပိုင်းတွင်လည်း ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ပြီး အဆင့်မြင့်စက်သုံးဆီများ ကိုယ်တိုင်ချက်လုပ်ထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေသြဇာစက်ရုံများ ထပ်မံတည်ဆောက်နိုင်ရေးအပါအဝင် နည်းပညာမြှင့်တင်ရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် **နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခို ကင်းရေးအထိ** ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဖြည့်စွက်ပြောကြား လိုသည်မှာ သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းမှတ်တမ်းများကိုလည်း ခိုင်ခိုင်မာမာ ပြုစုထားရန်လိုအပ်ကြောင်း၊ သမိုင်းမှတ်တမ်းဆိုသည်မှာ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ ကြိုးပမ်းအားထုတ်မှုများကို ရေရှည်တည်တံ့နေစေမည့် မှတ်ကျောက်နှင့် အထောက်အထားပင်ဖြစ်ကြောင်း။

ထိုသို့ သမိုင်းမှတ်တမ်းများ ထားရှိမှသာ နောင်လာမည့် မျိုးဆက်သစ်များအနေဖြင့် မိမိတို့၏စွမ်းဆောင်ချက်များကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုစွမ်းအင်ပြတိုက်တွင် ခင်းကျင်းပြသထားသည့်အတိုင်း သမိုင်းမှတ်တမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ပုံစံငယ်များကို လေ့လာပြီး အများပြည်သူအနေဖြင့် ခေတ်အဆက်ဆက် ဖြစ်ပေါ်တိုးတက်လာမှုများကို လေ့လာသိရှိနိုင်မည်ဖြစ်သဖြင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့်လည်း စွမ်းအင်ပြတိုက်ကို အခုထက်ပိုပြီး ပြည့်ပြည့်စုံစုံနှင့်ဖွံ့ဖြိုးတိုးတက်လာရေး တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မကြာမီတွင်စတင်နိုင်တော့မည့် သန်လျင်ရေနံချက်စက်ရုံသစ် စီမံကိန်းကဲ့သို့ နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို မြှင့်တင်ပေးနိုင်မည့် အရေးကြီးသည့် စီမံကိန်းကြီးများစွာကိုလည်း အောင်မြင်စွာဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

ဆက်လက်၍လည်း စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် **"စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး"** ဆိုသည့်အတိုင်း တိုင်းပြည်နှင့် ပြည်သူများ၏ အကျိုးစီးပွားတိုးတက်စေရန် ရည်မျှော်ပြီးစွမ်းအင်များ အစဉ်ထာဝရ ပြည့်ဖြိုးနေစေရန်နှင့် နိုင်ငံ၏အဖိုးတန် သဘာဝသယံဇာတများ ရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေး လုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀) ပြည့် ပတ္တမြားရတုအချိန်ကာလ၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့် အထိမ်းအမှတ်ကာလမှသည် နိုင်ငံတော်အတွက် ရတုအဆက်ဆက် ဆက်လက်အခွန့်ရှည်တည်တံ့အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀) ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့် Documentary Movie ကို ကြည့်ရှုကြသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပြကွက်များအား လှည့်လည်ကြည့်ရှုစဉ်။**

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းထုတစ်ရပ်လုံးကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရန် ရည်ရွယ်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကိုယ်တိုင်ရေးသားစပ်ဆိုထားသည့် စွမ်းအင်ဝန်ကြီးဌာန ဂုဏ်ပြုကဗျာကိုတေးသံရှင် ဟေမာနေဝင်းက ဂုဏ်ပြုရွတ်ဆိုထားမှုအား ဖွင့်လှစ်ပြသပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူကို လှည့်စား လှည့်ဖြားမည့် ပြည်တွင်း ပြည်ပ အဖျက်သမားတို့ အကြံအစည် ကြိုတင်သတိပြုရှောင်ရှားနိုင်ရမည်

စွမ်းပြည့်

**မကြာမီရက်ပိုင်းအတွင်းမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွေကို ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းနဲ့ ကျင်းပပြီးတဲ့နောက်မှာ အနိုင်ရပါတီကို နိုင်ငံတော်တာဝန် လွှဲပြောင်းပေးအပ်သွားမှာလည်း ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားတဲ့ ပြည်သူတွေအတွက် ရွေးကောက်ပွဲတွေကို မြင်တွေ့ကြရပါတော့မယ်။ လွှတ်တော်တွေလည်း ပေါ်ထွက်လာပြီး လွှတ်တော်အသစ်၊ ရွေးကောက်ပွဲအသစ်တွေနဲ့တကွ ပြည်သူအားလုံးရဲ့လိုလားချက်နဲ့ ကိုက်ညီမယ့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ခုလည်း မကြာမီ ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။**

> **ယခုလိုကာလမှာ ပြည်သူတွေအနေနဲ့ ပြည်ပသတင်းဌာနတွေရဲ့ ဝါဒဖြန့်မှိုင်းတွေကို ဒီသတင်း မှန်/မမှန်၊ ဖြစ်နိုင်ခြေ ရှိ/မရှိ သတင်းချန်နယ်ပေါင်းစုံကနေ အသေအချာ စိစစ်လေ့လာပြီးမှ သုံးသပ်ကောက်ချက်ချစေလိုခြင်းဖြစ်ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်က ရွေးကောက်ပွဲပျက်ပြားရေး ဖြစ်ပြီး လွန်ခဲ့တဲ့နှစ်တွေအတွင်း မက်ခဲ့ဖူးတဲ့ အိပ်မက်ဆိုးတွေကို ပြန်လည် အသက်သွင်းရေးပါပဲ။ စစ်မီးကို ဆက်ပွားချင်ကြတယ်။ နိုင်ငံပျက်စီးရေး ဟာ သူတို့ရဲ့ အန္တိမပန်းတိုင်ဖြစ်နေတယ်။ မဖြစ်နိုင်မှန်းသိပေမယ့် တတ်နိုင်သမျှ သူတို့ရည်ရွယ်ချက် မဖြစ်ဖြစ်အောင် ဆက်လုပ်ပါဦးမယ်။ စတင်ဖို့လွယ်ပေမယ့် အဆုံးသတ်ခက်မယ့် ပြဿနာတစ်ခုမဟုတ်တစ်ခု ကို ရွေးကောက်ပွဲကာလမှာကော ရွေးကောက်ပွဲအလွန် နောက်အစိုးရ တက်လာတဲ့အထိ ရွေးချယ်ဖန်တီးဦးမယ့် Risk တွေလည်း ရှိနေဆဲပါ။**

### ပြည်သူအားလုံးရဲ့ ထွက်ပေါက်

ရွေးကောက်ပွဲဟာ ငြိမ်းချမ်းရေးရချင်တဲ့၊ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုကို လိုလားတဲ့၊ ဒီမိုကရေစီကိုမြင်ချင်တဲ့ ပြည်သူအားလုံးရဲ့ထွက်ပေါက် တစ်ခုပါ။ အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူအားလုံးအတွက် မှန်ကန်တဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ အားလုံးအတွက် အကောင်းဆုံးဖြစ်မယ့်လမ်းကိုခင်းထားပြီး မြင်သာတဲ့ထွက်ပေါက်အားလုံးကို ဖွင့်ထားပြီးပါပြီ။ လမ်းကြောင်းမှန်ဖို့၊ ထွက်ပေါက်မြင်ဖို့က အားလုံးက အားစိုက်လုပ်ကြရမှာပါ။

“အား”ဆိုတဲ့နေရာမှာ ပညာအား၊ စေတနာအား၊ အမြော်အမြင်နဲ့ သတိ၊ ဝီရိယအားတွေ လိုအပ်ပါတယ်။ အဖျက်ကနေအပြု၊ အဆိုးကနေအကောင်း ဖန်တီးပြုပြင်နေတာဖြစ်တဲ့အတွက်လည်း ဒီအချိန် ဒီကာလဟာ အထူးအရေးကြီးပါတယ်။ အဆိုးလုပ်ရပ်၊ အဖျက်လုပ်ဇာတ်တွေနဲ့ ရင်ဆိုင်နေရတဲ့ အပြောင်းအလဲတစ်ခု၊ စိန်ခေါ်မှုများလှတဲ့ အချိုးအကွေ့တစ်ခုအတွက် ကျွန်တော်တို့အားလုံး အသင့်ရှိကြရမှာ ဖြစ်ပါတယ်။

### ဘာကြောင့် ဖျက်ဆီးနေကြပါသလဲ

ဒါဆိုရင် နိုင်ငံနဲ့ ပြည်သူအတွက် ကောင်းတယ်ဆိုတဲ့အရာအားလုံးကို ဘာကြောင့် ဖျက်ဆီးနေကြပါသလဲ။ အဖျက်သမားကတော့ အဖျက်အတွေးပဲ ရှိမှာပါ။ သူတို့အားလုံး တပ်မတော်နဲ့ပြည်သူ စိတ်တူကိုယ်တူ ဖြစ်သွားမှာ အလွန်ကြောက်နေပုံ ရပါတယ်။ ဒို့တာဝန်အရေးသုံးပါး မြဲမြံခိုင်ခံ့သွားမှာ စိုးရိမ်နေပုံရတယ်။ ပြည်တွင်းပြည်ပ ရန်သူအားလုံး (ဆိုလိုတာက CRPH, NUG, PDF အမည်ခံအကြမ်းဖက်အားလုံးနဲ့ EAO နဲ့ အကြမ်းဖက်ထောက်ခံသူအားလုံး)ဟာ ပြည်ထောင်စုကြီးပြိုကွဲပြီး တိုင်းရင်းသားအားလုံး မညီမညွတ်နဲ့ အချုပ်အခြာ မတည်မြဲခြင်းကိုသာ မြင်ချင်ကြတာ အစဉ်အလာပါ။

လမ်းကြောင်းမှန်ပေါ်ရောက်နေတဲ့ နိုင်ငံနဲ့ ပြည်သူကိုဆွဲချနေခြင်းဖြစ်ပါတယ်၊ ပြည်သူကို လမ်းအမှားပေါ် မရောက်ရောက်အောင် ပြန်တင်ချင်နေကြတယ်။ အလုံးစုံပျက်သုဉ်းတဲ့ နိုင်ငံအဖြစ်ကို ရောက်စေချင်ကြတယ်။ တည်ဆောက်ဆဲဒီမိုကရေစီစနစ် နောက်ကြောင်းပြန်အောင် ကြိုးစားခဲ့ကြပြီး ဖြစ်ထွန်းလာမယ့် ဒီမိုကရေစီအသီးအပွင့် မဖူးမပွင့်အောင်လည်း ထပ်ပြီးဖျက်ဆီးနေကြတယ်။ တပ်မတော်က ပြုလုပ်ပေးမယ့် ရွေးကောက်ပွဲကို မမြင်ချင်တဲ့ အကြောင်းတွေမှာ အမြစ်တွယ်နေတဲ့ မစ္ဆရိယစိတ်လည်းပါနေတယ်။ သူတို့တွေဟာ ပြည်သူကို လုံးဝမသနားသလို နိုင်ငံကိုလည်း လုံးဝ ပြန်မကြည့်ကြပါ။ ငါးနှစ်လုံးလုံး လက်နက်ကိုင်ခဲ့ကြပြီး စစ်ဒဏ်ခံပြည်သူတွေကို ငဲ့ညှာဖို့လည်း မရှိပါ။ NUG, PDF ထိပ်ပိုင်းခေါင်းဆောင်တွေမှာ တော်လှန်ရေးဗန်းပြ ချမ်းသာနေကြပေမယ့် အောက်ခြေမှာ တကယ်တိုက်ခိုက်နေရတဲ့ PDFတွေ ခင်မျာ တိုက်ချင်ခိုက်ချင်စိတ်ကုန်ခန်းနေကြပြီး စိတ်ဓာတ်လည်း ကျနေကြပါပြီ။

ပြည်သူတွေဟာ တော်လှန်ရေးယောင်ယောင်၊ နိုင်ငံရေးယောင်ယောင် လုပ်စားသမားတွေအပေါ် ထိတ်လန့်နေကြပြီး ယုံကြည်မှုလည်း နည်းလာနေပြီ ဖြစ်ပါတယ်။ နောင်လာမယ့် နိုင်ငံရေးအခင်းအကျင်းသစ်တွေဟာ ပြည်တွင်းပြည်ပရန်သူတွေအတွက် ထိတ်လန့်တုန်လှုပ်ဖွယ်အတိ ဖြစ်နေတဲ့အတွက်ပြည်သူတွေမဲပေးရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနဲ့ နိုင်ငံတော်သစ်ကြီး ဖြစ်တည်မလာရေး အသွင်မျိုးစုံနဲ့ မဟုတ်မမှန် စွပ်စွဲတိုက်ခိုက်နေကြကြောင်းကို ကြိုမြင်၊ ကြိုသိကြဖို့ လိုပါတယ်။ ရွေးကောက်ပွဲပြီးလို့ တပ်မတော်က သူ့နေရာသူ ပြန်သွားခဲ့ရင် သူတို့လက်ညှိုးထိုး စွပ်စွဲစရာ စစ်အစိုးရဆိုတဲ့ ခေါင်းစဉ်မရှိတော့မှာကို စိုးရိမ်နေကြပုံပါ။

### အသွင်မျိုးစုံနဲ့ တိုက်ခိုက်နေ

အသွင်မျိုးစုံနဲ့ဆိုရာမှာ မီဒီယာအားကိုးပြီး တိုက်ခိုက်နေကြတာကို သတိပြုစေလိုခြင်း ဖြစ်ပါတယ်။ ရွေးကောက်ပွဲဝန်းကျင်တစ်ခုလုံးနဲ့ လွှတ်တော်နဲ့အစိုးရသစ်မပေါ်ခင်မှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လာဖွယ်ရာတွေ ရှိနေပါတယ်။ ရွေးကောက်ပွဲကို မဖြစ်စေချင်တာ၊ ပျက်စေချင်တာ ပြည်တွင်းကတင် မဟုတ်ပါဘူး၊ ပြည်ပနိုင်ငံအချို့နဲ့ အဖွဲ့အစည်း တချို့လည်း ပါပါတယ်။

ပြည်ပနိုင်ငံအချို့ ဖြစ်စေချင်တဲ့သဘောက ရွေးကောက်ပွဲနဲ့အညီ တက်လာမယ့်အစိုးရ တရားဝင် ဖြစ်သွားမှာကိုပဲ။ အမေရိကန်ဒီမိုကရက်တွေလို အချို့အဖွဲ့အစည်းတွေက မြန်မာနိုင်ငံမှာ ဘယ်သူအစိုးရတက်တက် ပျက်စေချင်ကြတာပါ။ ဒါကြောင့် ပြဿနာကို နည်းမျိုးစုံနဲ့ ရှာနေကြတာ။ အကြောင်းက မြန်မာနိုင်ငံကြီးတိုးတက်လာပြီး အင်အားကြီးမှာစိုးလို့ရယ်၊ အိမ်နီးချင်း တရုတ်နိုင်ငံရဲ့ BRI ကို နှောင့်နှေးစေလိုတာရယ်၊ ဒီအချက်တွေ ပါနိုင်တယ်လို့ ယူဆပါတယ်။

တချို့ကိစ္စတွေက ပြည်တွင်းပြည်ပပေါင်းပြီး လုပ်ကြံတဲ့သဘောလည်း ဖြစ်တယ်။ နိုင်ငံအရှေ့တောင်ပိုင်း EAO တွေ ကြီးစိုးရာဒေသက အွန်လိုင်း လိမ်လည်မှုတွေ ဆိုပါစို့။ ဒီအရေးကို ခေါင်းစဉ်အကြီး အကျယ်တပ်ပြီး ရွေးကောက်ပွဲကို နှောင့်ယှက်ချင်ပုံရတယ်။ ဒီအရေးမှာ KNU နဲ့ NUG ဟာ လက်ဝါးရိုက်ပြီး နိုင်ငံတော်ဘက်က သက်သေအထောက်အထားအပြည့်အစုံနဲ့ ချပြတာတောင် သူတို့နဲ့ မပတ်သက်သယောင် နိုင်ငံတကာနဲ့ပူးပေါင်းဖြေရှင်းမယ်တို့ဘာတို့ကို လုပ်နေသေးတယ်။ အမှန်က သွယ်ဝိုက်ပြီး နိုင်ငံကို သိက္ခာချတဲ့သဘောပါပဲ။

**ရွေးကောက်ပွဲကာလတစ်လျှောက်မှာ ပြည်ပသတင်းဌာနတွေနဲ့ ပြည်တွင်းသစ္စာဖောက်တွေ အနေနဲ့ နိုင်ငံ့ပုံရိပ်နဲ့ တည်ငြိမ်မှုကို ဆက်လက်နှောင့်ယှက်နေကြမှာပါပဲ။ မီဒီယာအားကိုးပြီး ဝါဒဖြန့်စစ်ဆင်ရေး မပြတ်လုပ်ကြပါလိမ့်မယ်။ ဒီနေရာမှာ Justice For Myanmar (JFM) ဆိုတဲ့ တစ်ဖွဲ့ကတော့ မြန်မာနိုင်ငံပျက်စီးရေးကို အသည်းအသန် လုပ်ဆောင်နေတာ တွေ့ရပါတယ်။ သူတို့ရဲ့ နည်းလမ်းတစ်ခုက မဟုတ်တရား ဝါဒဖြန့်မှုတွေ ထိရောက်ဖို့အတွက် နိုင်ငံတော်ပိုင် တရားဝင်မီဒီယာ MRTV ဝက်ဘ်ဆိုက်၊ MITV ချယ်နယ်တွေကနေ လွှင့်ထုတ်နေတဲ့ Application နဲ့ အကောင့်တွေကို Twitch, Facebook, Youtube, Mediafire စတဲ့ website တွေကနေ ဖျက်သိမ်းပေးဖို့ နည်းပညာကုမ္ပဏီတွေဆီ အကြောင်းကြား ဖိအားပေးနေခြင်းပါပဲ။**

အင်မတန် အောက်တန်းကျပြီး မတရားတဲ့ Unjust လုပ်ရပ်တစ်ခုအဖြစ် မြင်လို့ရတယ်။ ဒီလုပ်ရပ်ကို ကြည့်ခြင်းဖြင့် ပိုင်းခြားစိစစ်စဉ်းစားကောက်ချက်ချလို့ရတဲ့ အချက်တွေလည်း ရှိလာတယ်။ တကယ်လို့ နိုင်ငံတော်ဘက်က သတင်းတွေက မမှန်၊ သူတို့ သတင်းတွေကသာ အမှန်ဆိုရင် ဘာကြောင့် နိုင်ငံရဲ့တရားဝင်သတင်းတွေကို ပြည်သူသိအောင် ချပြခွင့်မပြုရဲပါသလဲ။ မှန်တယ်ထင်ရင် ပြိုင်ရဲရပါမယ်။ ဘာကြောင့် သတင်းမှန်ကို မမြင်အောင်ဖုံးကွယ်ပြီး ပြည်သူကို မျက်စိပိတ်နားပိတ် လုပ်နေသလဲ။ နိုင်ငံတော် က ပြည်သူတွေကို သတင်းအမှောင်ချနေတယ်လို့ ယူဆရင် ဘာကြောင့် JFM ကကော နိုင်ငံပိုင်သတင်းတွေကို ပြည်သူမသိအောင် ပိတ်ပင်နေပါသလဲ။ ပြည်တွင်းက ပေးပို့တဲ့ မြေပြင်သတင်းနဲ့ ပြည်ပက ပေးပို့တဲ့သတင်း ဘယ်သူက ပိုမှန်နိုင်ခြေများမလဲ ပြည်သူတွေ စဉ်းစားပေးဖို့ပါ။ နိုင်ငံအတွင်းက လွတ်လပ်တဲ့ NP News Agency (ကျော်မျိုးမင်း) တို့လို ပုဂ္ဂလိကမီဒီယာသတင်းတွေကို နားထောင်တဲ့ ပြည်သူတွေ များသထက်များလာပြီး အဖြစ်မှန်တွေ သိလာမှာကိုလည်း JFM လို အဖွဲ့တွေက ကြောက်ရွံ့လာပုံရတယ်။ ဒီလုပ်ရပ်ကို ကြည့်ခြင်းဖြင့် သူတို့တွေဟာ ရွေးကောက်ပွဲနဲ့သွားမယ့် နိုင်ငံရေးလမ်းကြောင်းကို အလွန်အမင်း ကြောက်လန့်နေပြီ၊ သတင်းမှန်တွေ ပြည်သူတွေဆီပျံ့နှံ့သွားမှာ ထိတ်လန့်နေပြီ ဖြစ်ကြောင်း သက်သေပြနိုင်ပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ယခုလိုလုပ်ရပ်များကို ပြည်သူတွေက ကြိုဆိုနေသယောင် ဝါဒဖြန့်ချက်များအားလုံး မှားယွင်းကြောင်းကို ယခုဆောင်းပါးနဲ့ သုံးသပ်ပြရခြင်း ဖြစ်ပါတယ်။

### အသေအချာ စိစစ်သုံးသပ်နိုင်ဖို့လိုအပ်

ဒါကြောင့် **ယခုလိုကာလမှာ ပြည်သူတွေအနေနဲ့ ပြည်ပသတင်းဌာနတွေရဲ့ ဝါဒဖြန့်မှိုင်းတွေကို ဒီသတင်း မှန်/မမှန်၊ ဖြစ်နိုင်ခြေ ရှိ/မရှိ သတင်းချန်နယ်ပေါင်းစုံကနေ အသေအချာ စိစစ်လေ့လာပြီးမှ သုံးသပ်ကောက်ချက်ချစေလိုခြင်း ဖြစ်ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်က ရွေးကောက်ပွဲပျက်ပြားရေးဖြစ်ပြီး လွန်ခဲ့တဲ့နှစ်တွေအတွင်း မက်ခဲ့ဖူးတဲ့ အိပ်မက်ဆိုးတွေကို ပြန်လည် အသက်သွင်းရေးပါပဲ။ စစ်မီးကို ဆက်ပွားချင်ကြတယ်။ နိုင်ငံပျက်စီးရေး ဟာ သူတို့ရဲ့ အန္တိမပန်းတိုင်ဖြစ်နေတယ်။ မဖြစ်နိုင်မှန်း သိပေမယ့် တတ်နိုင်သမျှ သူတို့ရည်ရွယ်ချက် မဖြစ်ဖြစ်အောင် ဆက်လုပ်ပါဦးမယ်။ စတင်ဖို့လွယ်ပေမယ့် အဆုံးသတ်ခက်မယ့် ပြဿနာတစ်ခုမဟုတ်တစ်ခုကို ရွေးကောက်ပွဲကာလမှာကော ရွေးကောက်ပွဲအလွန် နောက်အစိုးရတက်လာတဲ့အထိ ရွေးချယ်ဖန်တီးဦးမယ့် Risk တွေလည်း ရှိနေဆဲပါ။**

ဒါကြောင့်လည်း ရွေးကောက်ပွဲကာလမှာ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ဖော်ပြနိုင်ဖို့ ပြည်တွင်းပြည်ပ သတင်းထောက်များစွာကို နိုင်ငံတော်က ဖိတ်ခေါ်ထားခြင်း ဖြစ်ပါတယ်။ သူတို့ကို ပြည်သူအားလုံးက ကြိုဆိုကြပါတယ်။ ပြောမယ့်ကြုံမှသိဆိုပေမယ့် တစ်ဖက်မှာ သတိထားရမှာက စုန်းပြူးတွေပါ ရောနှောပါလာနိုင်တာကိုပါ။ နိုင်ငံရဲ့ပုံရိပ်နဲ့ ပြည်သူရဲ့ စိတ်ခွန်အားကို ရွေးကောက်ပွဲကနေတစ်ဆင့် သိရှိနိုင်စေမယ့် အခွင့်အလမ်းကို အကောင်းဆုံးအသုံးချရမှာ ဖြစ်သလို ပြည်ပအဖျက် Agenda အတိုင်း မဟုတ်မမှန် သတင်းလွှင့်ရေးသားကြမယ့် စိန်ခေါ်မှုတွေကိုလည်း ကြိုတင်ပြင်ဆင်သတိထားကြဖို့ လိုပါတယ်။

### ပိုပြီး သတိထားရမယ့်အရာတွေ

**ယခုကာလ ဖြစ်စဉ်တွေကိုကြည့်ရင် ပြည်သူတွေ သတိထားရမယ့် အဖြစ်အပျက်များစွာ ရှိခဲ့ပါတယ်။**

*စာမျက်နှာ ၉ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၃
ရက်
သာ လိုတော့သည်။

## မင်းတို့နောင်ရေး ပြည့်နောင်ရေး

❖ သူငယ်ချင်း…
မင်းအသည်းကြား၊ မဲတစ်ပြားမို့
မလွဲမှားစေနဲ့ သေချာရွေး။
မင်းတို့နောင်ရေး ပြည့်နောင်ရေး။

❖ နိုင်ငံ့အသက်သွေး
အရေးသုံးပါး၊ အလေးထားကာ
နိုးကြားထက်သန်၊ သစ္စာနံ့လျက်
အမှန်စိတ်ချ၊ ယုံကြည်ရသူ…။

❖ ဖြတ်သန်းမှုစုံ၊ နယ်ပယ်စုံလျက်
တွေ့ကြုံရင့်ကျက်၊ သက်တမ်းတစ်လျှောက်
တွန်းပေါက်ထင်ရှား၊ လေးစားထိုက်သူ…။

❖ ဘဝမြှုပ်နှံ
နိုင်ငံအကျိုး၊ ဒေသကျိုးတွက်
သယ်ပိုးရွက်ထမ်း၊ ဆောင်နိုင်စွမ်းသူ…။

❖ ရိုးသား ကြိုးစား၊ အမျိုးသားရေး
လက်မနှေးတတ်၊ ရှေ့ကရပ်သူ…။

❖ နိုင်ငံ့မျက်နှာ၊ ဂုဏ်သိက္ခာကို
ကောင်းစွာထိန်းမတ်၊ မြော်မြင်တတ်သူ…။

❖ ဘေးကင်းလုံခြုံ၊ ဖူလုံဝမ်းစာ
ဖွေရှာစီးပွား၊ ဘဝများတွက်
အားကိုးစွဲပိုက်၊ ယုံစားထိုက်သူ…။

❖ တို့အားကိုးလို၊ ပုံအပ်လိုက
ထိုသူများသာ၊ ထိုက်တန်ပါ၏
သေချာစဉ်းစား သေချာရွေး။
မင်းတို့နောင်ရေး ပြည့်နောင်ရေး။

❖ မဲတစ်ပြားက
တို့များကြမ္မာ၊ တို့အနာဂတ်
ဆုံးဖြတ်ပိုင်ပိုင်၊ ဖန်တီးနိုင်၏
မယိုင် မချွတ်၊ အသိညွှတ်ကာ
မလွတ် သတိ၊ ကြောင်းကျိုးညှိလျက်
မိမိတာဝန် ကျေပွန်ဖို့။
လူတော်လူကောင်း ရွေးချယ်လို့။
အားလုံးနောင်ရေး ကောင်းစေဖို့။
မဲရုံသွားစို့ မဲပေးစို့။ ။

ဇော်မင်းမင်းဦး

## စစ်ကိုင်းမြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများ တတိယအကြိမ် ကပ်ထားကြေညာ



**စစ်ကိုင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းမြို့၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်၊ ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ တတိယအကြိမ် ကပ်ထား ကြေညာထားကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်၌ ရပ်ကွက် ၂၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ မဲရုံပေါင်း ၅၂ ရုံ ရှိပြီး တတိယအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်ဦးရေပေါင်း ၈၃၄၉၉ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်အောင်ထံမှ သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

**လွန်ခဲ့တဲ့ရက်သတ္တပတ်တွေအတွင်း မန္တလေးမှာ ဖြစ်ခဲ့တဲ့ လူနည်းစုဆူပူမှု၊ မြောက်ဦးဆေးရုံကို စစ်စခန်းလုပ် ခိုအောင်းတိုက်ခိုက်နေတဲ့ AA အကြမ်းဖက်တွေကို လေကြောင်းက ချေမှုန်းခဲ့တဲ့ အပေါ် ပူညံပူညံဖြစ်ခဲ့တာတွေ၊ ဟိုးအဝေးနေတဲ့ သားတော်မောင်က မြန်မာပြည်က သူ့မိခင်ရဲ့ သတင်းတွေမရကြောင်း ၊ သေသလား ရှင်သလား မသိကြောင်းဆိုပြီး ပြောဆိုခဲ့တာတွေဟာ ပြုလုပ်တော့မယ့် ရွေးကောက်ပွဲနဲ့ ဆက်စပ်ပြီး ရည်ရွယ်ချက်ရှိရှိ ဖန်တီးမှုတွေ ဖြစ်တာကို လေ့လာသုံးသပ်နိုင်ပါတယ်။ အလားတူ အိမ်နီးချင်းနိုင်ငံအချင်းချင်း ကြားမှာ သွေးခွဲမှုတွေလည်း ရှိလာနိုင်တယ်။ ဘာသာရေး၊ လူမျိုးရေးအရသွေးခွဲမှုတွေ ဖန်တီးလာနိုင်တယ်။ နိုင်ငံရဲ့ရွေးကောက်ပွဲကို အတုအယောင် သဖွယ် သမုတ်ခြင်းနဲ့ တစ်ပြိုင်နက်မှာ ဘင်္ဂါလီအရေးကိုလည်း မသိမသာ ဖောင်းပေးလာတာ ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ဒီအချိန်မှာ ပိုပြီး သတိပြုနိုင်ကြဖို့ပါ။**

အပြုသဘော လမ်းကြောင်းမှန်အပေါ်မှာ အကြမ်းဖက်အဖွဲ့ လှုပ်ရှားမှုတွေနဲ့ ချိန်သားကိုက် မီဒီယာလုပ်ဆောင်ချက်တွေ၊ နောက်ဆက်တွဲ ဆိုးကျိုးတွေဟာ စိန်ခေါ်မှုတွေအဖြစ် အမြဲရှိနေတတ်တာကို သင်ခန်းစာတွေလည်း ရခဲ့ဖူးပါပြီ။ နိုင်ငံတကာမှာလည်း ထို့အတူပါ။ တစ်ကမ္ဘာလုံး ပတ်မွှေနေတဲ့ BBC, VOA, RFA, DVB သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းပေါင်းစုံရဲ့ဒဏ်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံကြီးအချို့က ခေါင်းဆောင်အချို့ လည်း ခံစားရပါတယ်။

ဒီအချက်ကို ဥပမာနှစ်ခုနဲ့ တင်ပြချင်ပါတယ်။ တစ်ခုက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ BBC ရဲ့ပြဿနာပါ။ ၂၀၂၁ ခုနှစ်က US Capitolလွှတ်တော် စီးနင်းမှုကိစ္စမှာ ထရမ့်ရဲ့မိန့်ခွန်းကို ဖြတ်ညှပ်ကပ်လိုသလိုတည်းဖြတ်ပြီး သတင်းအမှား လွှင့်ခဲ့တဲ့အပေါ် BBC အကြီးအကဲနှစ်ဦး နုတ်ထွက်ခဲ့ရပြီး BBCရဲ့ တောင်းပန်မှုနဲ့တင်မပြီးဘဲ လျော်ကြေးငွေ ၁၀ ဘီလီယံပါ တောင်းဆိုခံနေရတဲ့ အဖြစ်က BBC ရဲ့ သရုပ်အမှန်ကို ပေါ်လွင်စေပါတယ်။ ယခုခေတ်က သတင်းအတုအယောင် ဖန်တီးရာမှာ AI အကူအညီယူ လှည့်စားလိမ်ညာနေကြတဲ့အတွက် အချို့မီဒီယာတွေရဲ့ လိုရာဆွဲ လှည့်စားထင်မြင်ချက် ပေးပုံတွေကို ဗဟုသုတအဖြစ် သိရှိထားသင့်ပါတယ်။ နောက်ပုံစံတစ်ခုက ရုရှား-ယူကရိန်း-NATO အဖွဲ့ ပြဿနာပါ။ အခုတစ်လောမှာ ရုရှားက ယူကရိန်း အပြင် NATO အနောက်ဥရောပနိုင်ငံတွေကိုပါ နယ်ချဲ့ကျူးကျော်တော့မယ့်ပုံအဖြစ် ကမ္ဘာကို ဝါဒဖြန့်၊ စစ်ပြင်ဆင်မှုတွေ အကြီးအကျယ်လုပ်၊ ကာကွယ်ရေးဘတ်ဂျက်ကို မရမကတိုးမြှင့်ပြီး ရုရှားကို မကောင်းဆိုးရွားဖြစ်အောင် ပုံဖော်(Shape) လုပ်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဥရောပ ပြည်သူတွေကို လှည့်ဖြားပြီး ယူကရိန်းစစ် မရပ်စဲနိုင်အောင် စစ်ကိုဆွဲဆန့်နေခြင်းပါ။ မြန်မာ့တပ်မတော်နဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေ အကြား စစ်မီးမငြိမ်းအောင် လုပ်ထားပုံနဲ့ တူနေတာကိုသတိထားမိပါလိမ့်မယ်။ဆိုလိုရင်းက မီဒီယာရဲ့ပရိယာယ်နဲ့ အနောက်အုပ်စုရဲ့ နှုတ်ကြောင်းပေး ပုံဖော်မှုတွေကို ရိပ်မိသိရှိကြစေဖို့ ဖြစ်ပါတယ်။

အချုပ်အားဖြင့် လာမယ့်ရွေးကောက်ပွဲကြီးဟာ ရှောင်လွှဲလို့ မရတဲ့ နိုင်ငံရေး ဖြစ်စဉ်တစ်ခုဆိုတာ နားလည်သဘောပေါက်ကြဖို့လိုပါတယ်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်နိုင်မယ့် အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါတယ်။ အနိုင်အရှုံးနှစ်ခုမှာ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုအတွက် နိုင်ငံရေးနည်းလမ်းကို ရွေးချယ်ခြင်းကသာ အနိုင်ဖြစ်ပါတယ်။ ထိုရလဒ်ကနေ ထွက်ပေါ်လာမယ့် စစ်မှန်တဲ့ Institutions အသစ်တွေကသာလျှင် ပြည်သူတွေ ကြုံတွေ့ခံစားနေရတဲ့ဒုက္ခကို ဖြေရှင်းနိုင်မှာဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

ဒါကြောင့်လည်း **အပြောင်းအလဲ Change and Upgrade လိုချင်နေတဲ့ ပြည်သူတွေဘက်ကိုပဲ အနိုင်ပေးရမှာပါ။ မြေပြင်က ပကတိအခြေအနေမှန်တွေကလည်း ဒီအချက်တွေမှန်ကန်ကြောင်း သက်သေပြနေပါပြီ။ လူတိုင်းရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံမှုရှိဖို့နဲ့ နိုင်ငံတည်ငြိမ်အေးချမ်းဖို့အတွက် ခိုင်မာတဲ့ Institutions တွေ ဖြစ်တည်လာဖို့အရေးဟာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်နေတဲ့အတွက် အဖျက်မီဒီယာတွေရဲ့ ဘယ်သတင်းအချက်အလက်ကိုမဆို ချင့်ချိန်ယုံကြဖို့ အလွန်အရေးကြီးနေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။** ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်ကို ကိုယ်စားပြုသည့်အတွက် မိမိကိုယ်ကိုတန်ဖိုးထားတတ်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားခြင်းကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြသည်။

အစီအစဉ်အရ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ယခင်သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့စေလွှတ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကိုသာ ရွေးချယ်စေလွှတ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကိုယ်စားပြုသည့်အတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို အလေးထားလိုက်နာစေလိုကြောင်း၊ မိမိသွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကိုလည်း အလေးထားရမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်ကို ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာကောင်းမွန်အောင်နေထိုင်ပြီး စိတ်ကျန်းမာရေးကောင်းမွန်မှသာလျှင် လုပ်ငန်းအောင်မြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိကိုယ်ကိုသစ္စာရှိခြင်းသည် နိုင်ငံတော်အပေါ် သစ္စာရှိခြင်း ဖြစ်ပါကြောင်း၊ မိမိ၏ပြုမူနေထိုင်မှုများကို ချင့်ချိန်သုံးသပ်၍ လုပ်သင့်လုပ်ထိုက်သည်ကိုသာ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိ၏အပြုအမူ၊ အနေအထိုင်၊ အသွားအလာများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည့်အတွက် မိမိကိုယ်ကိုတန်ဖိုးထားတတ်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို အခွင့်အရေးအဖြစ်ပြောင်းလဲပြီး အကောင်းဆုံးကြိုးစားဖြတ်ကျော်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်မှုရှိပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သံတမန်တစ်ဦးအနေဖြင့် အနည်းဆုံး ဘာသာစကားတစ်မျိုး တတ်မြောက်ထားရမည်ဖြစ်ပြီး သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဘာသာစကားကိုလည်း မရှက်မကြောက် တတ်နိုင်သမျှ ကြိုးစားလေ့လာသင်ယူစေလိုပါကြောင်း၊ မိမိအတွက်သာမက မိမိ၏သားသမီးများကိုလည်း ဘာသာစကားတတ်မြောက်အောင် သင်ကြားပေးစေလိုကြောင်း၊ မိမိတို့၏ သံတမန်ဝန်ထမ်းများအား ပြည်ပတွင် အခြားနိုင်ငံများနည်းတူ Facility အပြည့်ထားရှိပေးပါကြောင်း၊ သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေး(Diplomatic Characteristic)များကို မြင့်မားအောင်ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ သံတမန်တစ်ဦး၏ အရေးကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှု Loyalty ဖြစ်ပါကြောင်း၊ သံတမန်များအနေဖြင့် Communication Skill၊ Language Skill၊ Negotiation Skill အရည်အသွေးများကို အစဉ်လေ့လာဆည်းပူး၍ မြှင့်တင်စေလိုပါကြောင်း၊ မိမိ၏ကိုယ်ကျိုးစီးပွားနှင့် လွတ်လပ်မှုအတွက် မိမိ၏နိုင်ငံ၊ မိမိ၏ဌာနနှင့် သူတစ်ပါး၏အခွင့်အလမ်းကို မထိခိုက်စေဘဲ ဆင်ခြင်တုံတရားဖြင့် ချင့်ချိန်သုံးသပ်နေထိုင်သွားစေလိုပါကြောင်း၊ ပြည်ပတွင် မိမိနှင့် နိုင်ငံရေးအမြင်မတူသူများအား ပြောဆိုဆက်ဆံရာတွင် မိမိအနေဖြင့် သဘောထားတင်းမာမှုမရှိဘဲ မှန်ကန်သောအမြင်၊ ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိအောင် ပြုမူပြောဆို ဆောင်ရွက်စေလိုပါကြောင်း။



မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပထဝီအနေအထားများကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်ပါကြောင်း၊ မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နိုင်ငံတကာနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မိမိကိုယ်ကိုကောင်းအောင် ကြိုးစားပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်းသည် National Characteristic ကိုလည်း မြှင့်တင်ရာရောက်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်ကို ကိုယ်စားပြုပြီး သွားရောက်တာဝန်ထမ်းဆောင်ခြင်းဖြစ်၍ မိမိကိုယ်ကိုနှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန် အလေးအနက် မှာကြားလိုပါကြောင်း၊ ဂုဏ်သိက္ခာရှိသူဖြစ်စေရန် အမှားအယွင်းမရှိအောင် နေထိုင်သွားစေလိုပါကြောင်း၊ စိန်ခေါ်မှုများကို သင်ခန်းစာယူ၍ မိမိတို့၏ အတွေ့အကြုံများဖြင့် အကျိုးရှိအောင် အသုံးချစေလိုပါကြောင်း၊ သင်ယူလေ့လာမှုကို စဉ်ဆက်မပြတ်ကြိုးစားစေလိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတာဝန်များကို အောင်မြင်စွာဖြင့် ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ကြီးပွားတိုးတက် အောင်မြင်စေလိုကြောင်း ဆုတောင်းစကားပြောကြားခဲ့ ကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်ကို တတ်စွမ်းသရွေ့ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကောင်းများပီသစွာ နိုင်ငံတော်အပေါ်တွင် သစ္စာရှိရှိတာဝန်ထမ်းဆောင်ကြရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့ နံနက်ပိုင်းတွင် Naypyitaw State Academy သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ သံတမန်ရေးရာ၊ ဥပဒေပညာကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy သည် ကျောင်းသားဗဟိုပြုသင်ကြားမှုများ၊ Project အခြေပြုသင်ကြားမှုများနှင့် စာကြည့်တိုက်အခြေပြုသင်ကြားမှု နည်းလမ်းများကို အသုံးပြုသင်ကြားနေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိ၏အရည်အသွေးများ တိုးတက်လာစေရန် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်ကို တတ်စွမ်းသရွေ့ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကောင်းများပီသစွာ နိုင်ငံတော်အပေါ်တွင် သစ္စာရှိရှိတာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ကျင်းပမည့်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် နိုင်ငံ့အကျိုးကိုဖော်ဆောင်နိုင်မည့် ကိုယ်စားလှယ်များကို မှန်ကန်စွာ ရွေးချယ်ဆန္ဒမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာဆက်ဆံရေးပညာ၊ သံတမန်ရေးရာ၊ ဥပဒေပညာ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ၏ သင်ကြားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအနေဖြင့် project အခြေပြုသုတေသနစာတမ်းများ ရေးသားရာတွင် မတူညီသည့်ခေါင်းစဉ်များ ဖြစ်စေရန် စဉ်းစားတွေးခေါ်၍ ရေးသားကြစေလိုပါကြောင်း၊ မကြာမီကျင်းပမည့် ရွေးကောက်ပွဲတွင် ကိုယ်တိုင်မဲပေးသည့်အတွေ့အကြုံရရှိနိုင်သည်သာမက လေ့လာသူများအဖြစ် မဲရုံများသို့သွားရောက်၍ ရွေးကောက်ပွဲအတွေ့အကြုံများ၊ နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မှုအတွေ့အကြုံများပေါ်တွင် အခြေခံ၍ ခေတ်နှင့်လျော်ညီသော သုတေသနစာတမ်းများ ပြုစုရေးသားနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားကာ ကျောင်းသား ကျောင်းသူများ စာတွေ့လက်တွေ့ သင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည့် နှစ်သစ်ကူးအကြိုမိတ်ဆုံစားပွဲနှင့် နှစ်သစ်ကူးထောက်ပံ့ငွေပေးအပ်ခြင်း၊ တစ်နှစ်အတွင်း ခွင့်ယူခဲ့ခြင်းမရှိသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့်ငလျင်ကြောင့်ယာယီအဆောက်အအုံတွင် ခေတ္တနေထိုင်နေသည့် ဝန်ထမ်းမိသားစုများကို ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်ကြသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးများ၊ တိုင်းပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒက္ခိဏသီရိမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဒီဇင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကူနစ်လုံးဆည်အုပ်စု ကျေးစာဥကျေးရွာသို့ သွားရောက်ပြီး ကျေးရွာမှ အင်းနီကန်သို့သွားသော လမ်းအား ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးသမဝါယမအသင်းများဖွဲ့စည်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ မြစိမ်းရောင် (သမဝါယမ) ရန်ပုံငွေတို့ဖြင့် အထွက်တိုးမျိုးနှင့် သွင်းအားစုများပံ့ပိုးပေးနေမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်ပေးနေမှုနှင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်စိုက်နည်းစနစ်များ မှန်ကန်အောင် စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပေ ၂၂၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရဲဒိကျေးရွာသို့သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကျေးရွာပတ်လမ်း အရှည် လေးဖာလုံ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာသို့သွားရောက်ပြီး ဒေသခံပြည်သူများ၏ ကျေးရွာတွင်းလမ်း ရှစ်လမ်းအား အဆင့်မြှင့်တင်ပေးရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် အမှတ်(၇)နှင့် အမှတ်(၈) ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်လမ်းများအား ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်

နေပြည်တော်  ဒီဇင်ဘာ ၂၄

**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်း၌ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးသည်။**

အဆိုပါ စွမ်းအင်ပြတိုက်တွင် ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ကာလအထိ ခေတ်အလိုက် စုစည်းပြသထားသော ပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ရုပ်ကြွပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့် အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။




အဆိုပါပြခန်းကို မြန်မာ့စွမ်းအင်ကဏ္ဍ၏ သမိုင်းကြောင်းများကို သိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသားကျောင်းသူများအတွက် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တနင်္လာနေ့မှအပ၊ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် ဗဟုသုတဖြစ်မည့် စာအုပ်စာတမ်းများနှင့် နှစ်ပတ်တစ်ကြိမ် ထုတ်ဝေသည့် စွမ်းအင်သတင်းလွှာများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**မဟာအောင်မြေ  ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျှက်မော်အရှေ့ရပ်ကွက်၌ အများပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မဟာအောင်မြေမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအနေဖြင့် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ကြစို့" ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ ပျက်စီးသူ ၁၄၀ နှင့် အသက် ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင်မကိုင်ဆောင်ဖူးသူ ၁၅ ဦးအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သံလျှက်မော်အရှေ့ရပ်ကွက် တိုက်နယ်မှူး ဦးအေးချမ်းအောင်တို့က နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းကြေညာ

**ရန်ကုန်  ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ ၁၄ ရက်ကြာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ မဲဆန္ဒရှင်စာရင်းများ (တတိယအကြိမ်)ကြေညာထားရှိရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။



အဆိုပါမဲစာရင်းများကြေညာထားမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့်အဖွဲ့ဝင်များ ကွင်းဆင်း၍ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်များစာရင်း ထုတ်ပြန်ကြေညာ



**တံတားဦး  ဒီဇင်ဘာ ၂၄**

မကြာမီကာလအတွင်း ကျင်းပမည့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

ထိုသို့တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ကြေညာထားရှိမှုကို တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး ရွေးကောက်ပွဲကျင်းပသည့် မဲလာရောက်ပေးချိန်တွင် ဆန္ဒမဲလာရောက်ပေးကြရန် မှာကြားခဲ့သည်။ **တံတားဦး(ပြန်/ဆက်)**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေး၊ ဒီမိုကရေစီ၊ ဈေးကွက်စနစ်နှင့် တရားမျှတမှုတန်ဖိုးသိမှ တန်ဖိုးရှိ

ကြယ်စင်ဖေသင်

**“မိမိတို့ပိုင်ဆိုင်ခဲ့သည့် အရာတစ်ခု ပြန်လည်ရရှိရေးအတွက် အလွန်အမင်း စွန့်လွှတ်ပေးဆပ်ခဲ့ကြရ၏။ ဤသို့ဆိုလျှင် မိမိတို့ ပြန်လည်ရရှိခဲ့သော လွတ်လပ်ရေးအတွက် ပေးဆပ်ရသည့် အရင်းအနှီး မည်ရွေ့မည်မျှ ကြီးမားသည်ကို ပြောစရာပင် လိုမည်မထင်။ ထိုသို့ တန်ဖိုးကြီးမားလှပြီး တန်ဖိုးမဖြတ်နိုင်သည့် လွတ်လပ်ရေးကို နှစ်နှစ်ကာကာ မြတ်နိုးတတ်ရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်ချင်းအကျိုးစီးပွားမှစ၍ တစ်နိုင်ငံလုံး အကျိုးစီးပွားအတွက် အဖိုးတန်သော အခွင့်အလမ်းအဖြစ် အသုံးပြုရာတွင်လည်း အကျိုးရှိရှိ၊ ထိထိရောက်ရောက် အသုံးချတတ်ရန်လည်း လို၏။ ထိုအခြေအနေများကို ပြန်လည်ဆင်ခြင် နှလုံးသွင်းထားနိုင်မှ လွတ်လပ်ရေး၏တန်ဖိုးကို ကောင်းစွာသိမြင်လျက် တန်ဖိုးထားတတ်ပေလိမ့်မည်”**

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်စောစော အချိန်တွင် မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာကျော် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို နယ်ချဲ့အင်္ဂလိပ်တို့ ထံမှ ပြန်လည်ရရှိခဲ့သည်။ တစ်နည်းဆိုသော် မိမိမြေရေ၊ မိမိဒေသတွင် လွတ်လပ်စွာ နေထိုင်၊ ပြောဆို၊ လုပ်ကိုင်၊ စားသောက်ခွင့်တို့ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လွတ်လပ်ရေးကို နိုင်ငံအနှံ့ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် တိုင်းရင်းသားပြည်သူအပေါင်းတို့က တစ်ဗိုလ်ကျ တစ်ဗိုလ်တက်၊ တစ်နည်းမရ တစ်နည်းဖြင့် အချိန်ကာလတစ်လျှောက် အသက်သွေးချွေးများစတေးပြီးမှ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ပြည့်ပြည့်ဝဝ ကျေနပ်ပျော်ရွှင်မှုမရခဲ့ကြ။ လွတ်လပ်ရေးရလုဆဲဆဲကာလ၌ တစ်နိုင်ငံလုံး ချစ်ခင်လေးစားကြည်ညိုရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်အချို့ လုပ်ကြံခံရသောကြောင့်ဖြစ်သည်။

မိမိတို့ပိုင်ဆိုင်ခဲ့သည့် အရာတစ်ခု ပြန်လည်ရရှိရေးအတွက် အလွန်အမင်း စွန့်လွှတ်ပေးဆပ်ခဲ့ကြရ၏။ ဤသို့ဆိုလျှင် မိမိတို့ပြန်လည်ရရှိခဲ့သော လွတ်လပ်ရေးအတွက် ပေးဆပ်ရသည့် အရင်းအနှီး မည်ရွေ့မည်မျှ ကြီးမားသည်ကို ပြောစရာပင်လိုမည် မထင်။ ထိုသို့ တန်ဖိုးကြီးမားလှပြီး တန်ဖိုးမဖြတ်နိုင်သည့် လွတ်လပ်ရေးကို နှစ်နှစ်ကာကာ မြတ်နိုးတတ်ရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်ချင်း အကျိုးစီးပွားမှစ၍ တစ်နိုင်ငံလုံး အကျိုးစီးပွားအတွက် အဖိုးတန်သော အခွင့်အလမ်းအဖြစ် အသုံးပြုရာတွင်လည်း အကျိုးရှိရှိ၊ ထိထိရောက်ရောက် အသုံးချတတ်ရန်လည်း လို၏။ ထိုအခြေအနေများကို ပြန်လည်ဆင်ခြင် နှလုံးသွင်းထားနိုင်မှ လွတ်လပ်ရေး၏တန်ဖိုးကို ကောင်းစွာသိမြင်လျက် တန်ဖိုးထားတတ်ပေလိမ့်မည်။

## အခွင့်အရေး တာဝန်ဝတ္တရားနှင့် အပြုအမူ

မိမိတစ်ဦးတည်း၊ မိမိတို့တစ်ဖွဲ့တည်း စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ပြုမူလုပ်ဆောင်ခြင်းသည် လွတ်လပ်ရေးဟု ဆိုနိုင်ပါသလော။ **“လွတ်လပ်ရေး”** သဘောတရားနှင့် ပတ်သက်၍ လေ့လာအကိုးအကားပြုစရာ များစွာရှိသည့်အနက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆကို လေ့လာရုံနှင့်ပင် အလွယ်တကူ သဘောပေါက်နိုင်သည်။ လွတ်လပ်ရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆကို ၎င်း၏ မိန့်မှာချက်တစ်ခု၌ ဤသို့ တွေ့လိုက်ရသည်။

“….. လွတ်လပ်ရေးရတော့မယ်လို့ ဆိုလို့ရှိရင်……ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်းညချင်း ပေါက်လာကြတော့မလို့ ခင်ဗျားတို့ ထင်ကြတဲ့ လူတွေများကြတယ်။ တချို့လဲပဲ ဟာ… လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့… ဟသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။….. လမ်းမပေါ်မှာ ဆေးရိုးလှန်းတယ်။ ဟာ….လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာသွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးရိုးလှန်းတယ်။ အဲသည်တော့ လမ်းသွားလမ်းလာလုပ်တဲ့ လူတွေ အတော်ဂွကျသွားတယ်။ အဲဒါ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ကဘာလဲ….။ တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တမျိုးသားလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားသူတွေရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ”

လွတ်လပ်ရေးဟူသည် စည်းကမ်းမဲ့ မိမိတို့ လုပ်ချင်ရာ၊ မိမိတို့ဆန္ဒအတိုင်း (တစ်ဖက်သား (သို့မဟုတ်) လူအများ၏အကျိုးစီးပွားကို ထိခိုက်မှု ရှိ၊ မရှိ မစဉ်းစားဘဲ)လုပ်နိုင်သည့် အခြေအနေ မဟုတ်သည်ကိုလည်းကောင်း၊ အစွန်းရောက်သော အခြေအနေမျိုး မဟုတ်ကြောင်းကိုလည်းကောင်း ဗိုလ်ချုပ်က ထောက်ပြပြောဆိုသွားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးသည် စည်းနှင့်ကမ်းနှင့်ဖြစ်သည်။ စည်းကမ်းနည်းလမ်းကို ကောင်းစွာနားလည်ပြီး အလုပ်လုပ်ကြမှသာ လွတ်လပ်ရေးရရှိခြင်း၏ အနှစ်သာရကို ရရှိခံစားရမည်ဖြစ်ကြောင်းကိုလည်း ဤသို့ မိန့်မှာခဲ့ပေသည် –

“လွတ်လပ်ရေးအဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။………အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရတယ်”

လွတ်လပ်ရေးဆိုသည်အရာတွင် အခွင့်အရေးများနှင့်အတူ တာဝန်ဝတ္တရားများ ရှိလာပုံ၊ မိမိ၏ အကျိုးစီးပွားကို ဖော်ဆောင်ရင်း အခြားသူများ၏ အကျိုးစီးပွားကိုလည်း ဂရုပြုရန်လိုပုံ၊ စည်းစနစ်နှင့် စည်းကမ်းကျနစွာ နေထိုင်ရပ်တည်ကာ နိုင်ငံ့အကျိုးစီးပွားအတွက် လွတ်လပ်ရေးကို အကျိုးရှိစွာ အသုံးပြုရန်လိုအပ်ပုံ၊ လွတ်လပ်ရေးနှင့်အတူ ရရှိလာသော တာဝန်နှင့် လိုက်နာရမည့် အရာများကိုလည်း အများပြည်သူတို့၏ နှလုံးသည်းပွတ်သို့ ရိုက်ခတ်သွားနိုင်သည်အထိ ဗိုလ်ချုပ်က ဤသို့ သတိပေးစကား ပြောကြားခဲ့ခြင်းဖြစ်သည်။ အရိုးဆန်သည့်စကားများ ပါသော်လည်း နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှလာသော စကားလုံးများ ဖြစ်သဖြင့် ဤတစ်သက် မည်သို့မျှ မေ့မရနိုင်သည့် စကားများဖြစ်ခဲ့ရသည်။

## အခြားတစ်ဖက်ကို မထိခိုက်စေသော ဒီမိုကရေစီ၏ လွတ်လပ်မှု

ဒီမိုကရေစီသဘောတရား၊ အယူအဆနှင့် ပတ်သက်၍လည်း လွတ်လပ်ရေးသဘောကဲ့သို့ပင် စဉ်းစားနိုင်သည်။ ဒီမိုကရေစီဟုဆိုလျှင် လွတ်လပ်စွာ ပြုမူခြင်းဟု ယေဘုယျသဘောပေါက်ကြသည်။ လွတ်လွတ်လပ်လပ် လုပ်ချင်ရာလုပ်နိုင်သည်ဟု ထင်မှတ်မှားကြ၏။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒထုတ်ဖော်ခွင့် စသည်ဖြင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများအားလုံးကို ဒီမိုကရေစီတွင် ရရှိနိုင်သည်ဟု နားလည်ထားကြခြင်းဖြစ်သည်။ မှန်ပါသည်။ ဒီမိုကရေစီစနစ်သည် လွတ်လပ်မှုကို အခြေခံထား၏။ လွတ်လပ်စွာ ပြောဆို၊ ပြုမူ၊ လုပ်ဆောင်နိုင်၏။ သို့သော် ထိုလွတ်လပ်မှုသည် တစ်ဖက်လူ၊ တစ်ဖက်အဖွဲ့ စသည်ဖြင့် မိမိကိုယ်မှလွဲ၍ အခြားသော ပုဂ္ဂိုလ်များ၊ အခြေအနေများပေါ် အနုတ်လက္ခဏာ သက်ရောက်မှုမရှိသော၊ ထိခိုက်မှုမရှိသော မျှတမှုရှိသည့် လွတ်လပ်မှုသာဖြစ်သည်။

ဒီမိုကရေစီ နိုင်ငံရေးဖြစ်စဉ်တွင် လူ့အဖွဲ့အစည်းအတွင်းရှိ လူအားလုံး လွတ်လပ်စွာ ပါဝင်ကြ၏။ အများ၏ဆန္ဒအရ ရလဒ်ဖြစ်ထွန်းပေါ်ပေါက်၏။ ထိုသို့ တစ်ဦးချင်း၏ လွတ်လပ်သော အပြုအမူများဖြင့် အများ၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဒီမိုကရေစီဆိုသည်မှာ လူအများစု၏ ဆန္ဒအတိုင်း လူအများစုအကျိုးအတွက် လုပ်ဆောင်သောစနစ်ဟု သာမန်အတွေးဖြင့်ပင် နားလည်နိုင်သည်။ ထို့ကြောင့်လည်း ဒီမိုကရေစီစနစ်၏ အခြေခံအကြောင်းတရားမှာ လူအများ၏ ဆန္ဒဖြစ်ပြီး အခြေခံအကျိုးတရားမှာ လူအများ၏ အကျိုးစီးပွားဖြစ်ပေသည်။

လူအများ၏ဆန္ဒဟုဆိုရာတွင် လွတ်လပ်ခြင်းဟူသည် အခြေခံအကြောင်းဖြစ်သောကြောင့် လူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီသည် ၎င်းတို့၏ စိတ်ဆန္ဒအတိုင်း (မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့အစည်း၏ လွှမ်းမိုးမှု၊ ထိန်းချုပ်မှု မရှိဘဲ လွတ်လပ်စွာ) ပြုလုပ်နိုင်ခွင့်ရှိခြင်းပင်ဖြစ်သည်။ လူတစ်ယောက်အနေဖြင့် ၎င်းစိတ်တိုင်းကျ ပြုမူပြောဆိုလုပ်ကိုင်ခြင်းကို ဒီမိုကရေစီ၏ အနှစ်သာရဟု ထင်မှတ်ကြခြင်းဖြစ်၏။ ဒီမိုကရေစီနှင့် ပတ်သက်၍ အမည်နာမ၊ အမျိုးအစားအမျိုးမျိုးဖြင့် သတ်မှတ်ခေါ်ဝေါ်ကြ၏။ တိုက်ရိုက်ဒီမိုကရေစီ၊ တစ်ဆင့်ခံဒီမိုကရေစီ၊ အရှေ့တိုင်းဒီမိုကရေစီ၊ အနောက်တိုင်းဒီမိုကရေစီ၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစသည်ဖြင့် မည်သို့ပင် များပြား၊ ကွဲပြားခြားနားမှုရှိသည်ဖြစ်စေ ဒီမိုကရေစီသဘောတရား သက်ဝင်မှုရှိသည့် စနစ်တစ်ခု စွမ်းဆောင်ရည်ရှိရှိ၊ ထိထိရောက်ရောက် လည်ပတ်နိုင်ရေးတွင် လွတ်လပ်မှုနှင့် စည်းကမ်းစနစ်တို့ ယှဉ်တွဲတည်ရှိနိုင်ရေးမှာ အရေးကြီးသည်။

**စည်းကမ်းစနစ်ဆိုရာတွင် ထိန်းချုပ်ခြင်း (control)မဟုတ်သည့် ထိန်းကျောင်းခြင်း (regulation)နှင့် စွမ်းဆောင်ရည်ရှိခြင်းကိုသာ ဖြစ်စေသော အခြေအနေများသာဖြစ်ရန် လိုသည်။ သို့သော် ဒီမိုကရေစီဆိုသည်နှင့် အစွန်းရောက်လွတ်လပ်လွန်းသော အတွေးအခေါ်၊ အပြုအမူများ ပြုလုပ်တတ်ကြသောကြောင့် ဒီမိုကရေစီစနစ်ကျင့်သုံးမည့် လူ့အဖွဲ့အစည်းများ၌ အနုတ်လက္ခဏာ သက်ရောက်မှုများကို ထိန်းသိမ်းနိုင်ရေးအတွက် အင်စတီကျူးရှင်းများ (institutions) ရေးဆွဲ၊ ထူထောင်၍ အထောက်အကူရယူရန် လိုအပ်သည်။**

## အားနည်းတတ်သော လွတ်လပ်လွန်းသည့် ဈေးကွက်စနစ်

လွတ်လပ်မှု၊ ပွင့်လင်းမြင်သာမှု၊ ပိုမိုကောင်းမွန်သော နိုင်ငံရေးဝန်းကျင်ကို မျှော်မှန်း၍ နိုင်ငံရေးတွင် ဒီမိုကရေစီယန္တရားကျင့်သုံးသကဲ့သို့ စီးပွားရေးတွင်လည်း နိုင်ငံသူ၊ နိုင်ငံသားများ လွတ်လပ်စွာ တီထွင်ကြံဆ၍ ကိုယ်ကျိုးစီးပွားကို လွတ်လပ်စွာ ရှာဖွေနိုင်ရေး၊ နိုင်ငံ့စီးပွားရေးပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက်

စာမျက်နှာ ၁၃ သို့

**■ လွတ်လပ်မှု၊ ပွင့်လင်းမြင်သာမှု၊ ပိုမိုကောင်းမွန်သော နိုင်ငံရေးဝန်းကျင်ကို မျှော်မှန်း၍ နိုင်ငံရေးတွင် ဒီမိုကရေစီယန္တရားကျင့်သုံးသကဲ့သို့ စီးပွားရေးတွင်လည်း နိုင်ငံသူ၊ နိုင်ငံသားများ လွတ်လပ်စွာ တီထွင်ကြံဆ၍ ကိုယ်ကျိုးစီးပွားကို လွတ်လပ်စွာရှာဖွေနိုင်ရေး၊ နိုင်ငံ့စီးပွားရေး ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဈေးကွက်စနစ်ကို ကျင့်သုံးကြသည်။ ဈေးကွက်စနစ်ဆိုသည်မှာ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုအပေါ် အခြေခံ၏။ ဈေးကွက်ထဲ၌ ဈေးကွက်အင်အားစုဖြစ်သည့် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုသည့်စနစ်ဖြစ်**

# (၇၈)နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေး ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) က (၇၈)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ**(အောက်ပုံ)** စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့ပြင် (၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့်အရဟံဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား သန်လျင်တပ်နယ် မဟာနာဝါနီကဇယ မင်္ဂလာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ သန်လျင်မြို့နယ် သံဃနာယက ဩဝါဒါစရိယ၊ သုဓမ္မာဝိနည်းခိုရ် ပဝါရဏာဂိုဏ်းဦးစီးဥက္ကဋ္ဌ၊ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ၌ လူငယ်များ အလုပ်အကိုင်တိုးတက်ရရှိစေရေး ဆိုလာတပ်ဆင်ခြင်းသင်တန်း ရည်ရွယ်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) ၌ လူငယ်များ အလုပ်အကိုင်တိုးတက်ရရှိစေရေး ရည်ရွယ်ဖွင့်လှစ်သည့် ဆိုလာတပ်ဆင်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅)၌ လက်တွေ့လေ့ကျင့် သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။



ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံအတွင်း လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာလုပ်သားထု၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် အညီ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ပုဂ္ဂလိကသင်တန်းကျောင်းများအား အသိအမှတ်ပြုပေး၍ အသက်မွေးပညာသင်တန်းများ စနစ်တကျ ဖွင့်လှစ်ပို့ချနိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်းနှင့် အမျိုးသားအဆင့်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းများကို နှစ်စဉ်စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို ကျယ်ပြန့်စွာ အသုံးပြု လုပ်ကိုင်လျက်ရှိရာ လုပ်ငန်းများကို စနစ်တကျ တတ်ကျွမ်းနားလည်ကာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းတို့အတွက် သင်တန်းကိုဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်းနှင့် ဆိုလာနည်းပညာသည် ယနေ့ကမ္ဘာကြီးအတွက် မရှိမဖြစ် ရွေးချယ်စရာ Green Energy တစ်ခုလည်းဖြစ်ပြီး သင်တန်းသားများ Green Skills ရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

**ဈေးကွက်စနစ်ကို ကျင့်သုံးကြသည်။ ဈေးကွက်စနစ်ဆိုသည်မှာ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုအပေါ် အခြေခံ၏။ ဈေးကွက်ထဲ၌ ဈေးကွက်အင်အားစုဖြစ်သည့် ဝယ်လိုအားနှင့် ရောင်းလိုအားတို့ကို လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုသည့်စနစ်ဖြစ်သည်။**

ဈေးကွက်၏ လွတ်လပ်မှုနှင့် ပတ်သက်၍ ကျမ်းရိုးဘောဂဗေဒဂုရုကြီး အက်ဒမ်စမစ် (Adam Smith)၏ အာဘော်များကို အကိုးအကားပြုနိုင်သည်။ အစိုးရသည် စီးပွားရေးတွင် ဝင်ရောက်မစွက်ဖက်သင့်။ ဈေးကွက်အင်အားစုများကိုလည်း ဝင်ရောက်ထိန်းချုပ်ခြင်းမရှိဘဲ လွတ်လပ်စွာ လွှတ်ပေးထားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်။ ဈေးကွက်ထဲရှိ invisible hand ဟု ဆိုသောမမြင်ရသောလက်က သူ့သဘော သူ့ဘာသာ ထိန်းကျောင်းသွားပေလိမ့်မည်ဟု ဆိုထားပေသည်။ သို့သော် သူ့သဘော သူဆောင် လှုပ်ရှားခွင့်ပေး၍ ဈေးကွက်ကို သူ့ချည်းသက်သက် လွှတ်ထားမှုကြောင့် ဖြစ်ပေါ်လာသော ကြီးမားသည့် စီးပွားရေးဒဏ်ရာဒဏ်ချက်များကို သမိုင်းအတွေ့အကြုံများက သက်သေပြခဲ့ပြီးဖြစ်၏။ ခါးသီးစွာ ကြုံတွေ့ခဲ့ရသော စီးပွားပျက်ကပ်များ အလွန်တွင် ဂျွန်မေနပ်ကိန်းစ် (John Maynard Keynes)ဆိုသူ၏ ဈေးကွက်အတွင်း ဝင်ရောက်ထိန်းကျောင်းပေးရန် လိုသည်ဆိုသည့်အဆိုကို လက်တွေ့ကျသည့် အယူအဆအဖြစ် အများက လက်ခံလာခဲ့ကြ၏။

စီးပွားရေးအဆောက်အအုံတစ်ခုထဲ၌ လွတ်လပ်သည့် ဈေးကွက်အပြုအမူများကြောင့်ပင် ကမောက်ကမဖြစ်မှုများ၊ ဈေးကွက်အားနည်းချက်များ ဖြစ်ပေါ်လာတတ်သည်မှာ ဓမ္မတာဖြစ်သည်။ ထို့ကြောင့် ဈေးကွက်ကို ထိန်းကျောင်းပေးနိုင်ရန် ဈေးကွက်ဆိုင်ရာ အင်စတီကျူးရှင်းများကို လုံလောက်စွာ ဖြည့်ဆည်းပေးထားကြရန်လိုကြောင်း ထောက်ပြလာခဲ့ကြသည်။

**မျှတသော လွတ်လပ်မှုနှင့် တာရှည်ခံမှု**

**လွတ်လပ်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့သည့် အချိန်ကာလများက ဗိုလ်ချုပ်အောင်ဆန်း မိန့်မှာခဲ့သော လွတ်လပ်ခြင်းဆိုသည့် အဓိပ္ပာယ်ကို စာဖတ်သူတို့အားလုံး စွဲမှတ်ခဲ့ကြပြီးဖြစ်မည်။ ဗိုလ်ချုပ်မှာကြားခဲ့သော လွတ်လပ်မှု၊ ဒီမိုကရေစီမှ ရလာသည့် လွတ်လပ်မှု၊ ဈေးကွက်စနစ်မှရလာသည့် လွတ်လပ်မှုတို့သည် တစ်ဖက်သတ်ဆန်၍ ကိုယ်ကျိုးကိုသာ ကြည့်သော၊ မမျှတမှုကို အခြေခံထားသော အခြေအနေမဟုတ်ကြောင်း၊ တစ်နည်းဆိုသော် မိမိနှင့်သူတစ်ပါး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လူအဖွဲ့အစည်းအတွင်း၌ ပါဝင်သည့် လူအားလုံးအတွက် တရားမျှတမှုကို အခြေခံသော အယူအဆရှိကြောင်းကိုလည်း သဘောပေါက်နိုင်ကြလိမ့်မည်။ ထိုသို့မဟုတ်ဘဲ အစွန်းရောက်သည့် လွတ်လပ်သော အပြုအမူမျိုးရှိခဲ့ပါက နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း တစ်ရပ်တွင် တာရှည်ခံဒီမိုကရေစီစနစ် မဖြစ်ပေါ်၊ ရေရှည်အကျိုးစီးပွားလည်း မဖြစ်ထွန်း၊ လွတ်လပ်သော ဈေးကွက်စနစ်လည်း မထွန်းကားနိုင်ပေ။ ဓမ္မဓိဋ္ဌာန်ကျသော လွတ်လပ်မှုမျိုးသာလျှင် ရေရှည်တည်တံ့၍ အားလုံးအတွက် ကောင်းကျိုးများ ဖြစ်ထွန်းနိုင်ပေလိမ့်မည်။**

**တရားမျှတမှု အဓိကကျသည်**

စိတ်ထဲရှိသည့်အတိုင်း လွတ်လွတ်လပ်လပ် ပြုမူချင်သည့် ရာနှုန်းပြည့် လွတ်လပ်မှုမျိုးဖြင့် အပေါင်းလက္ခဏာတိုးတက်မှုကို ဖြစ်ထွန်းစေသော တာရှည်ခံနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မဖြစ်နိုင်။ အခြားတစ်ဖက်ကို ထိခိုက်မှုမရှိစေသော လွတ်လပ်မှုများဖြင့်သာ လုပ်ဆောင်နိုင်ပေမည်။ ထိုလွတ်လပ်မှုမျိုး လုပ်ဆောင်နိုင်ရန် နှစ်ဦး၊ နှစ်ဖက်၊ နှစ်ဖွဲ့၊ နှစ်အုပ်စုတို့ကြား၌ တရားမျှတမှုက အဓိကကျလျက်ရှိနေ၏။ သို့အတွက် တရားမျှတမှုကို ထိန်းကျောင်းပေးမည့် အင်စတီကျူးရှင်းများ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ပါက တာရှည်ခံမည့် ဒီမိုကရေစီစနစ်၊ အလုပ်ဖြစ်မည့် ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသတည်း။ ။

# ရုရှားနိုင်ငံက ၂၀၃၆ ခုနှစ်တွင် လကမ္ဘာပေါ်၌ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်

**မော်စကို ဒီဇင်ဘာ ၂၄**

ရေရှည် လ စူးစမ်းလေ့လာရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရုရှားနိုင်ငံအနေဖြင့် ၂၀၃၆ ခုနှစ် မတိုင်မီ လပေါ်၌ နျူကလီးယားဓာတ်အားပေးစက်ရုံ တစ်ခုတည်ဆောက်ရန် စီစဉ်ထားကြောင်း ရုရှား အာကာသအာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။

၂၀၃၆ ခုနှစ်အထိ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်းဖြစ်သော ရော့စ်ကော့စ်မော့စ်သည် ရုရှားလေကြောင်းအာကာသ အဖွဲ့ဖြစ်သော လာဗော့ခ်ကင်နှင့် ဒီဇင်ဘာတွင် အစိုးရသဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုး ခဲ့သည်ဟု ရုရှားအာကာသအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

လပေါ်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံသည် လဆင်းယာဉ်နှင့် စူးစမ်းလေ့လာရေးစခန်းများ အပါအဝင် ရုရှားနိုင်ငံ၏ လလေ့လာရေးအစီအစဉ်အတွက် ရေရှည်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားမိတ်ဖက်များ၏ အဆောက်အအုံများအပါအဝင် အပြည်ပြည်ဆိုင်ရာ လလေ့လာရေးစခန်း၏ အခြေခံအဆောက်အအုံ အတွက်လည်း စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

စီမံကိန်းတစ်ခုလုံးတွင် အာကာသယာဉ် တည်ဆောက်မှု၊ မြေပြင်စမ်းသပ်မှု၊ ပျံသန်းမှုစမ်းသပ်ခြင်းများနှင့် လပေါ်၌အခြေခံအဆောက်အအုံများ ဖြန့်ကြက်မှုတို့ပါဝင်ကြောင်း ၎င်းအဖွဲ့က ပြောသည်။

ရော့စ်ကော့စ်မော့စ်၏ အဆိုအရ အဆိုပါ စီမံကိန်းသည် အမြဲလည်ပတ်နေသော သိပ္ပံနည်းကျ လစခန်းတစ်ခုတည်ထောင်ရန် အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်ပြီး ရေရှည်လသုတေသန အစီအစဉ်သို့ ကူးပြောင်းသည့်လုပ်ငန်းစဉ်တစ်ခု လည်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**





## အိန္ဒိယနိုင်ငံဒေလီမြို့တစ်ခွင် အန္တရာယ်ရှိသော မီးခိုးငွေ့များ လွှမ်းခြုံ

**နယူးဒေလီ ဒီဇင်ဘာ ၂၄**

ဒေလီတစ်ခွင် အန္တရာယ်ရှိသောမီးခိုးငွေ့များ လွှမ်းခြုံထားသောကြောင့် အိန္ဒိယကုန်းလမ်းပို့ဆောင်ရေးနှင့် အဝေးပြေးဝန်ကြီး နီတင်ဂက်ဒ်ကာရီက မြို့တော်တစ်ခွင် စိုးရိမ်ဖွယ်လေထုညစ်ညမ်းမှုအဆင့်သို့ ရောက်ရှိနေပြီဟုဆိုကာ မီးမောင်းထိုးပြလိုက်သည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ယခုအကျပ်အတည်းကို ပိုမိုဆိုးရွားစေကြောင်းနှင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုလျော့ချရန် အရေးပေါ်လိုအပ်နေပြီဟု ၎င်းက ဒီဇင်ဘာ ၂၃ ရက်က အလေးပေး ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက်က ဒေလီတစ်ဝန်း စောင့်ကြည့်လေ့လာရေးစခန်း ၂၇ ခု၏ တိုင်းထွာချက်အရ လေထုအရည်အသွေးသည် ၄၀၀အမှတ်ကို ကျော်လွန်လျက်ရှိပြီး တချို့ဒေသများတွင် ယင်းထက်ပင်ဆိုးရွားလျက်ရှိကြောင်း ဖော်ပြထားသည်။ အန္တရာယ်ရှိသော မြူထူထပ်မှုများနှင့် လေထုညစ်ညမ်း ပေါင်းစပ်မှုသည် အိန္ဒိယနိုင်ငံ မြို့တော်နှင့် ၎င်း၏ ပတ်ဝန်းကျင်ဒေသများကို ဆက်လက်ဖုံးလွှမ်းလျက်ရှိသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက ဆီးရီးယားနိုင်ငံကို အမေရိကန်ဒေါ်လာ ၅၃ သန်း ထောက်ပံ့ပေးမည်

**တိုကျို ဒီဇင်ဘာ ၂၄**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးသည် ဒီဇင်ဘာ ၂၂ ရက်က ဆီးရီးယားနိုင်ငံသို့ရောက်ရှိခဲ့ပြီး ဂျပန်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သည့် ဆီးရီးယားနိုင်ငံနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်မည်ဟု အသိပေးပြောကြားခဲ့သည်။ ဒမတ်စကတ်မြို့သို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဒုတိယဝန်ကြီး အိုနီရှီယိုဟေးသည် ဆီးရီးယားကြားဖြတ်အစိုးရ၏ ဘဏ္ဍာရေးဝန်ကြီး မိုဟာမက်ယက်ဆာဘာနင်အပါအဝင် အခြားသော အရာရှိများနှင့်တွေ့ဆုံခဲ့သည်။**(အောက်ပုံ)**

ထိုသို့ တွေ့ဆုံစဉ်အတွင်း ဂျပန်နိုင်ငံသည် နှစ်ပေါင်း ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆီးရီးယားနိုင်ငံနှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်မည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့မှုများပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အားပေးကူညီရန်လည်း ဂျပန်နိုင်ငံက ရည်ရွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေး သို့မဟုတ် ဓာတုလက်နက်များ စွန့်ပစ်ရာတွင် ကူညီရန် ယခုနှစ် ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅၃ သန်းကို ဖြည့်စွက်ဘတ်ဂျက်အဖြစ် ထည့်သွင်းထားကြောင်း သိရသည်။

မြေမြှုပ်မိုင်းများဖယ်ရှားရေးနှင့် သဘာဝဘေးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အတွက် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဂျပန်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဖိုရမ်ကိုလည်း ကျင်းပခဲ့သည်။

**အင်န်အိတ်ချ်ကေ**




## အမေရိကန်နိုင်ငံမှ နေရပ်ပြန်ပို့ခံရသည့် ဘရာဇီးနိုင်ငံသား ၃၀၀၀ ကျော် ရှိလာပြီဖြစ်

**ဆော်ပိုလို ဒီဇင်ဘာ ၂၄**

အမေရိကန်နိုင်ငံမှ နေရပ်ပြန်ပို့သည့် ဘရာဇီးနိုင်ငံသား ၈၁ ဦး နေရပ်ပြန်လာပြီဖြစ်ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ လူဝင်မှုကြီးကြပ်ရေး မူဝါဒတင်းကျပ်မှုအောက်တွင် ၂၀၂၅ ခုနှစ် အတွင်း အမေရိကန်နိုင်ငံမှ နေရပ်ပြန်ပို့ခံရသည့် ဘရာဇီးနိုင်ငံသား ၃၀၀၀ ကျော်ရှိလာပြီဟု ဘရာဇီးအစိုးရက ဒီဇင်ဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက ဘရာဇီးနိုင်ငံသား ၂၁ ဦး ဘရာဇီးနိုင်ငံသို့ပြန်လည်ရောက်ရှိလာပြီး အထူးထောက်ပံ့ရေးပစ္စည်းများ တပ်ဆင်ထားသည့် ဟိုတယ်သို့ လွှဲပြောင်းပေးခဲ့သည်။ အဆိုပါ ဟိုတယ်တွင် နေရပ်ပြန်ရွှေ့ပြောင်း နေထိုင်သူများအတွက် အစားအသောက်၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမှုများအပြင် မိမိတို့နေထိုင်ရာမြို့သို့ ပြန်နိုင်ရေးအတွက် လမ်းညွှန်မှု အကူအညီများလည်း ပေးထားကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုသည် အကူအညီပေးရေး လုပ်ငန်းစဉ်များတွင် ပိုမိုတည်ငြိမ်ပြီး ထိရောက်မှုရှိစေရန် ရည်ရွယ်သည်။

၂၀၂၅ ခုနှစ် နှစ်စမှ စတင်၍ အဆိုပါအစီအစဉ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုပေါင်း ၃၆ ခု လုပ်ဆောင်ခဲ့ပြီး အမေရိကန်မှ ပြန်လည်ရောက်ရှိလာသည့် ဘရာဇီးနိုင်ငံသား ၃၀၀၀ ကျော်ကို လက်ခံနိုင်ခဲ့သည်ဟု ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု ၂၀၂၅ ခုနှစ်တွင် စံချိန်တင်ဝင်ငွေရရှိ

**ဟနွိုင်း ဒီဇင်ဘာ ၂၄**

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံကျော်လွန်ရရှိ မှတ်တမ်းတင်ခဲ့သည်ဟု ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အဖွဲ့အစည်းကို ကိုးကားပြီး အစိုးရဝက်ဘ်ဆိုက်တွင် ဒီဇင်ဘာ ၂၄ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ ကိန်းဂဏန်းသည် တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်းနီးပါး တိုးလာမည်ဟု ခန့်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒီဇင်ဘာလတစ်ရက်တည်းတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၉၅ သန်းခန့် ရရှိခဲ့ကြောင်း အသင်း၏အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ၂၀၂၅ ခုနှစ် ခရစ်တော်မွေးဖွားခြင်း အထိမ်းအမှတ်ဂုဏ်ပြု ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်ဆုံစားပွဲကျင်းပ

**ဟားခါး ဒီဇင်ဘာ ၂၄**

၂၀၂၅ ခုနှစ် ခရစ်တော်မွေးဖွားခြင်းအထိမ်းအမှတ် ဂုဏ်ပြု ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်ဆုံစားပွဲကို ယနေ့ညနေပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သိက္ခာတော်ရဆရာတော်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ (ယာပုံ)



ဦးစွာ သိက္ခာတော်ရ ဆရာတော်ရိုဂျင်လိန်းက ပဏာမကျမ်းစာဖတ်ကြားပြီး ဝတ်ပြု ဆုတောင်းကာ "ယေရှုကြွလာတော်မူကျူး" ဓမ္မသီချင်းဖြင့် ဂုဏ်တော်ချီးမွမ်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ယုံကြည်သူတစ်ဦးက တပင်တိုင်ဂုဏ်တော်ချီးမွမ်း၍ သိက္ခာတော်ရဆရာတော် စတီဗင် လျန်ဟုပ်လိန်းက ခရစ္စမတ်အထူးဆုတောင်းပေးကာ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက တေးသရုပ်ဖော်ဖြင့် ဂုဏ်တော်ချီးမွမ်းကြသည်။

ယင်းနောက်သိက္ခာတော်ရဆရာတော်ဗန်သီယမ်က ခရစ္စမတ်သတင်းကောင်းဝေငှပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သံစုံတေးသီချင်းဖြင့် ဂုဏ်တော်ချီးမွမ်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ပြည်နယ်ဝန်ကြီးများက အခမ်းအနားသို့ တက်ရောက်လာကြသည့် သိက္ခာတော်ရဆရာတော်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် မြို့မိမြို့ဖများအား ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် "ပလ္လင်တော်စွန့်ခြင်းကျူး" ဓမ္မသီချင်းဖြင့် ဂုဏ်တော်ချီးမွမ်းကြပြီး သိက္ခာတော်ရ လင်းထန်းက ခရစ္စမတ်ညနေစာအတွက် ကျေးဇူးတော်ချီးမွမ်း၍ ပရိသတ်အားလုံးက ထောမနာသီချင်းကို သီဆိုကြသည်။

ယင်းနောက် သိက္ခာတော်ရဆရာတော် ဒေါက်တာကျဲအိုဆန်ကုန်း၏ ကောင်းချီးမင်္ဂလာပေးခြင်းဖြင့် ဝတ်ပြုဆုတောင်းခြင်းအစီအစဉ် ရုပ်သိမ်းကာ ခရစ္စမတ်ညနေစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံ့ EV ကဏ္ဍ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် EV Stakeholders များ အားလုံးပူးပေါင်းကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၄**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ရှိ အားသစ်မာန် စွမ်းအားသစ်ကုမ္ပဏီလီမိတက်၏ လျှပ်စစ်သုံးယာဉ် (Electric Vehicle၊ EV) များကို Semi Knocked Down (SKD) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့် စက်ရုံဖွင့်ပွဲကို တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက နိုင်ငံတော်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ကာ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် အဖိုးတန်သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းနိုင်ရေး၊ Smart Transportation မှ Smart City များ ဖြစ်ထွန်းလာရေး၊ စက်သုံးဆီ ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ ကျန်းမာရေး ကောင်းမွန်စေရေး စသည့် ကောင်းကျိုး ဆုလာဘ်များကို ပြည်သူတို့ရရှိကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့အနာဂတ်ကောင်းများကို ဖော်ဆောင်နိုင်ရေးတို့အတွက် ၂၀၅၀ ပြည့်နှစ်အထိ လမ်းပြမြေပုံနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်နေရာ EV ကို SKD စနစ်ဖြင့် ထုတ်လုပ်မှုလည်း ပါဝင်ကြောင်း၊ SKD စနစ်ကို အသုံးပြုခြင်းဖြင့် EV သုံးစွဲသည့် ပြည်သူတို့အတွက် ဈေးနှုန်းချိုသာစေပြီး ရေရှည်အာမခံချက်ပိုမိုခိုင်မာစေကာ အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်နိုင်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို တစ်တပ်တစ်အား အထောက်အကူပြုနိုင်ပါကြောင်း။

**အားလုံးတက်ညီလက်ညီ ပူးပေါင်း**

ယင်းအပြင် EV နည်းပညာ မြှင့်တင်နိုင်မှုနှင့် နိုင်ငံ့ EV ရည်မှန်းချက်များ ပြည့်မီစေနိုင်ကြောင်း၊ ထုတ်လုပ်သူ အတွက်လည်း ဈေးကွက်အတွင်း လျင်မြန်စွာ ဝင်ရောက်ဖြန့်ဖြူးရောင်းချနိုင်မှု၊ Brand ခိုင်မာမှု၊ ဒေသတွင်း လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်မှု၊ ထုတ်လုပ်ရေးကွင်းဆက် ချိန်ညှိနိုင်မှု၊ ရေရှည်ရပ်တည်သွားနိုင်မှု စသည့်အားသာချက်များကို ရရှိနိုင်ပါကြောင်း၊ သို့ဖြစ်ရာ ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအတိုင်း ပြည်တွင်း EV ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ပြီး နိုင်ငံ့ EV ကဏ္ဍ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများအပါအဝင် EV Stakeholders များ အားလုံး တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။



ထို့နောက် ကုမ္ပဏီမှ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများပြောကြားပြီး EV SKD စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြပြီး ပထမဆုံးထုတ်လုပ်သည့် EV ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဖွင့်လှစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Trim Line အတိုင်း တပ်ဆင်ထုတ်လုပ်မှုအဆင့် ၁၀ ခု၊ Chassis Line အတိုင်း တပ်ဆင်ထုတ်လုပ်မှုအဆင့် ခုနစ်ခု၊ Final Line အတိုင်း တပ်ဆင်ထုတ်လုပ်မှုအဆင့် ငါးခု၊ စက်ရုံတွင်း၌ အဆင့်မြင့်ကွန်ပျူတာထိန်းချုပ်စနစ်များဖြင့် တပ်ဆင်ထုတ်လုပ်ပြီး EV များကို ကနဦးလျှပ်စစ်အန္တရာယ် ကင်းရှင်းမှု၊ ကိုယ်ထည်နှင့်ဘီးလေးခု ဟန်ချက်ညီမှု၊ ရှေ့မီးလုံးနှင့် မီးလုံးများ ကောင်းမွန်မှု၊ ဟွန်းအချက်ပေးစနစ်ကောင်းမွန်မှု၊ ဘီးချော်ခံနိုင်မှု၊ ဘရိတ်ကောင်းမွန်မှု၊ အရှိန်ကောင်းမွန်မှု၊ မိုးရွာနေချိန်မောင်းနှင်အပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု၊ စက်ရုံပြင်ပတွင် လမ်းကြမ်းနှင့် ရေဝပ်လမ်းအပါအဝင် လမ်းပုံစံအမျိုးမျိုး၌ မောင်းနှင်မှု၊ ရှေ့ကားပေါ် မှုတည်၍ အရှိန်ပြောင်းလဲသွားမှု စသည့် Test Drive အခြေအနေများ၊ အများပြည်သူသုံး EV Taxi တို့ကို လှည့်လည်ကြည့်ရှု **(အပေါ်ပုံ)** စစ်ဆေးပြီး သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ တပ်ဆင်ထုတ်လုပ်သွားရန်၊ EV သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ ရောက်ရှိပြီး အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်အရ အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများအတွက် ဖွင့်လှစ်ပေးခဲ့သည့် EV စစ်ဆေးခြင်း သင်တန်း (၁/၂၀၂၅) ဆင်းပွဲ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**သင်တန်းဆင်းလက်မှတ်ပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းဆရာများထံ ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများထံ သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ သင်တန်းဆင်းတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သက်ကြီးသတင်းစာပညာရှင်ကြီးများအားထောက်ပံ့ကူညီရန် အလှူငွေများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

သက်ကြီးသတင်းစာပညာရှင်ကြီးများအား ထောက်ပံ့ကူညီရန် အလှူငွေများ လှူဒါန်းပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး၌ ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ရာ TMH Telecom Company မှ တာမိုးညဲ ဦးသီဟလွင် ကိုယ်စား မန်နေဂျာ ဦးဝေဖြိုးမောင်က ငွေကျပ်သိန်း ၆၀၊ Star Empire ပုံနှိပ်လုပ်ငန်းမှ ဦးသူရိန်ထွန်းက ကျပ်သိန်း ၂၀ နှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးထံ ပေးအပ်လှူဒါန်းသည်။




သက်ကြီးသတင်းစာပညာရှင်ကြီးများအတွက် ပထမအကြိမ်ထောက်ပံ့ကူညီမှုများကို ဇန်နဝါရီလက ပြုလုပ်ပေးခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် ထောက်ပံ့ကူညီ လှူဒါန်းမှုများ ပြုလုပ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အမှတ် ၃၉၂ - ၃၉၆ ကုန်သည်လမ်း (၉)ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၄၂၉၂၅၈၇၁၉၊ ၀၉-၄၄၈၀၂၆၃၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် သမန်းကြီးကျေးရွာ၊ ညောင်လှကျေးရွာနှင့် မကြီးကုန်းကျေးရွာတို့တွင် မဲရုံအဖြစ်ဆောင်ရွက်မည့်စာသင်ကျောင်းများအားမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

❖ *ကျောဖုံးမှ*

သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၉၄ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ်အဆောက်အအုံ ၄၆ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ် နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၇ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများကို ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် သိမ်းဆည်း ချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင် ခုနစ်ထပ်အဆောက်အအုံ နှစ်လုံးကို ထပ်မံချိပ်ပိတ် သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ဆက်လက် ဆောင်ရွက်သွားမည်



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှု။

ပြည်တွင်း အင်အားစုများအပြင် လည်း ပေါင်းစပ်ညှိနှိုင်း၍ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀) နှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၀၅၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၂၇၆၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၇၀၈၈၉၅)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၂၂၂၃၁)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၃၁၁၂၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၂၃၈၉၄) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂၇ ဒသမ ၀၈၆ တန်၊ သစ်မာ ၁၂ ဒသမ ၉၉၀ တန်၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၅၂၆၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ လှည်းကူးမြို့နယ် လှည်းကူးပညာရေးဒီဂရီကောလိပ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၉၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Aumark Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၁၆၆၅၀)ကို လည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၁၂၆၅၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၃၈၈၇၄) ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် တနိုင်းမြို့နယ် ဆွတ်ငိုင်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီခေါတ်ဆီဂါလန် ၉၀၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်တွင် ကလေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၂၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Mo Mo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ မိုမိုအောင်အား ည ၁၀ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ခရစ္စတယ်ပဲလေ့စ်အသင်း ကစားသမား မက်ဆန့်စ်လာခရော့စ်၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ပွဲချိန် မိနစ် ၈၀ တွင် အာဆင်နယ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ သို့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ခရစ္စတယ်ပဲလေ့စ်အသင်းကစားသမား ဂေဟီ၏ ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး အာဆင်နယ်အသင်းက နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ဆီမီးဖိုင်နယ်တွင် အသင်းကြီးချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ချယ်ဆီးအသင်းသည် ကွာတားဖိုင်နယ်တွင် လိဂ်ဝမ်းကလပ် ကာဒစ်ဖ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

**အောင်ဇော်**

## ပဲခူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ပဲခူး ဒီဇင်ဘာ ၂၄**

ပဲခူးမြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး ယမန်နေ့ကပဲခူးမြို့ မိုးလုံလေလုံအားကစားခန်းမအတွင်း၌ နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်း မရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့အား တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ပြုလုပ်ပေးနေမှုများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## မြိတ်တက္ကသိုလ်၌ အမုန်းစကားနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာပေး

**မြိတ် ဒီဇင်ဘာ ၂၄**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တက္ကသိုလ်ပင်မဆောင် ပုလဲသစ္စာခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပရာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၀ တက်ရောက်ကြသည်။

ဦးစွာ မြိတ်တက္ကသိုလ် ဥပဒေပညာ အထူးပြုဘာသာရပ် (စတုတ္ထနှစ်)ကျောင်းသူ မဖြိုးပပမိုးက ကွဲပြားမှုကိုလက်ခံခြင်းမှသည် အမုန်းစကား ပျောက်ကွယ်ခြင်းဆီသို့ ခေါင်းစဉ်ဖြင့်ဆွေးနွေးခြင်းအားလည်းကောင်း၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အေးမြတ်မွန်က အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုများနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး ခေါင်းစဉ်တို့ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပခုက္ကူမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**ပခုက္ကူ ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် တာဝန်ရှိသူများက လူငယ်နှင့် အောင်မြင်ရေးနည်းလမ်းများအပါအဝင် အသိပညာဖြစ်ဖွယ် ခေါင်းစဉ်များကို ဟောပြောဆွေးနွေးပြီး ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးမေးမြန်းခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ကြည့်ရှုခြင်းနှင့် သုတရသစာပေများကို လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်



**တောင်ငူ ဒီဇင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦဝင်းကျော်မျိုးသည် တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ ခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

တောင်ငူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ(GRF)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အင်ဒိုင်း-ချောင်းဖြူ-ပဲချက်ကုန်းလမ်း (၀/၂.၅မိုင်)ကျောက်ချောခင်းခြင်းလုပ်ငန်း အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ငပုတောမြို့နယ်၌ တောင်သူများအတွက် နေကြာမျိုးစေ့ပေးအပ်

**ငပုတော ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာအုပ်စု၌ ဆောင်းဆီထွက်သီးနှံနေကြာမျိုးစေ့ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့က တောင်သူ ဦးစိုးချစ်၏ လယ်မြေသုံးကေ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆန်းဝင်းကဒေသခံတောင်သူများအား ဆောင်းနေကြာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးနည်းစနစ်နှင့် သတ်မှတ်ဧက အထွက်တိုးပြီး ပြည့်မီအောင် စိုက်ပျိုးခြင်းအကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ရေဆင်းစပ်မျိုးနေကြာ(၁) မျိုးစေ့များကို တောင်သူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။



**အောင်သူ(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ထန်းတပင်မြို့နယ်၌ မျိုးစေ့ချစက်ဖြင့် နေကြာစိုက်ပျိုး

**ထန်းတပင် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ဆီထွက်သီးနှံ ရေဆင်းစပ်မျိုး နေကြာ(၁)အား မျိုးစေ့ချစက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပေးခြင်းနှင့် ဓာတ်မြေဩဇာပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က လမုတန်းလေးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးတင့်နိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာများကို ဒေသခံတောင်သူများထံ ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက ဒေသခံတောင်သူများအား ဆီထွက်သီးနှံ ရေဆင်းစပ်မျိုး နေကြာ(၁)ကို မျိုးစေ့ချစက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပေးကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



သနပ်ပင်မြို့နယ် မြို့မဈေးအတွင်း ဒီဇင်ဘာ ၂၄ ရက်က မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ လက်တွေ့ဆောင်ရွက်ကြရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဈေးသူဈေးသားများ တက်ရောက်ပြီး သရုပ်ပြခြင်းများ ပူးပေါင်းဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်ကျောင်းကြီးစုကျေးရွာ တောင်သူ ဦးအေးခိုင်၏ လယ်မြေသုံးကေ၌ နှမ်းစပါးနယူးရော(၁၁)အား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှုကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်အားပေးစဉ်။ ရဲကိုမောင်(ပြန်/ဆက်)



မိုင်းယန်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံကျန်းမာရေးဆရာမ ဒေါ်ဌေးဌေးခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာ မွေးဖွားနိုင်ရန် ကျန်းမာရေးစစ်ဆေး စောင့်ရှောက်ပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနရုံး၌ ထိုးနှံပေးစဉ်။ ထွန်းထွန်းထူး

# ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် တတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် “ဒို့အတူတူ မဲပေးကြမယ်” ရွေးကောက်ပွဲအသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လူစည်ကားရာနေရာများနှင့် တတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်း ကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆောင်ရွက်ခဲ့ကြသည်။


ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)


ကိုကိုးကျွန်းမြို့နယ်
ထွန်းထွန်းဇော်(ပြန်/ဆက်)


တွံ့တေးမြို့နယ်
မျိုးလှိုင်(တွံ့တေး)


တောင်ကြီးမြို့
စိုင်းသန်းကျော်(တောင်ကြီး)


မက်မန်းမြို့နယ်
ခရိုင်(ပြန်/ဆက်)


ဝါးခယ်မမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ချောက်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မင်းလှမြို့နယ်
ပေါက်စ(မင်းလှ)


ဆိပ်ဖြူမြို့နယ်
သူရိန်(ဆိပ်ဖြူ)


မောက်မယ်မြို့နယ်
စိုင်းမျိုးသန့်(မောက်မယ်)


သဲကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


သာစည်မြို့နယ် ညောင်ကန်ကျေးရွာ၌ မဲရုံနှင့်မဲရုံအနီးဝန်းကျင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်းများကို ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် သန္တေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းဆောင်ရွက်စဉ်။ ထွန်းထွန်း(သာစည်)


ကလေးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး မဲစာရင်း တတိယအကြိမ် ကြိုတင်စိစစ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်နှင့် တာဝန်ရှိသူများက မဲစာရင်းစစ်ဆေးနေမှုကို ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)


ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပဲခူး-သနပ်ပင်လမ်းမကြီးဘေးတွင် ဒီဇင်ဘာ ၂၃ ရက်က ရွေးကောက်ပွဲအသိပညာပေး ဒို့အတူတူ မဲပေးကြမယ် မြေစိုက်ပိုစတာစိုက်ထူခြင်းဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)


ငဖဲမြို့နယ်၌ ရွေးကောက်ပွဲတွင်တာဝန်ထမ်းဆောင်မည့် နည်းပညာအထောက်အကူပြုအဖွဲ့များက အီလက်ထရောနစ်မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများစစ်ဆေးပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်စဉ်။ မယု(ငဖဲ)


ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တတိယအကြိမ် တိုက်ဆိုင်စစ်ဆေးခြင်းကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒါနဟိတမဗ္ဗဇိမာန်တော်ဓမ္မာရုံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ကံမမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်းတို့ပူးပေါင်း၍ စာရေးဆရာမ ခင်ဆွေဦး ရေးသားသည့် ဒို့တိုင်းဌာနီ စာအုပ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆင့်၊ စာပေချစ်သူများအသင်းအဖွဲ့ဝင် ဒေါ်ခင်မာမျိုးနှင့် စာပေချစ်သူများက ဆွေးနွေးကြစဉ်။ ကျော်ဇေယျဝင်း(ကံမ)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် မဲရုံအလိုက် တာဝန်ထမ်းဆောင်ကြမည့်သူများအား တွေ့ဆုံ

**တောင်ငူ ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မြင့်လွင်သည် တောင်ငူမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ မဲရုံအလိုက်တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ တွေ့ဆုံသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံချက်များ၊ ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်မည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ မဲရုံအလိုက်တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများက အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တိုင်းဒေသကြီးတာဝန်ခံက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၁၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ အမှတ်(၁၆)



ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ တတိယအကြိမ် ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဇော်ကိုကို (တောင်ငူ)**



## တာမွေမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတည်ဆဲအခွန်ဥပဒေများအရ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက အထက(၄)တာမွေ မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စပယ်အောင်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ကြသည်။ **၂၂၁**

## မဲဆန္ဒရှင်ပြည်သူများစာရင်းကို တတိယအကြိမ် ကပ်ထားကြေညာထားရှိရာ ပြည်သူများလာရောက်ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်နှင့်အထက်



ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို တတိယအကြိမ် ရပ်ကွက်များအလိုက် ကပ်ထားကြေညာမှုကို ယမန်နေ့က ဆက်လက် ကပ်ထားကြေညာထားသည်။

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တတိယအကြိမ် မဲစာရင်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဆက်လက်ကပ်ထား ကြေညာထားမည်ဖြစ်သည်။

အဆိုပါ တတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သွားရောက်ကြည့်ရှု၍ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုလျှင်ပုံစံ(၄)၊ အချက်အလက်များ မှားယွင်းနေလျှင် ပုံစံ(၄-က) တို့ဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် မဲစာရင်းကပ်ထားကြေညာမှုအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် လှည့်လည် အသိပေးလျက်ရှိသည်။ **သက်မင်းဟန်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**





## သက်ကြီးစကား သက်ငယ်ကြား စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စာရေးသူ ဒေါက်တာအောင်မြင့် ရေးသားပြုစုထားသည့် သက်ကြီးစကား သက်ငယ်ကြား (ဂန္ဓာရုံက ဆေးဖက်ဝင်တော့မလား၊ ပုန်းသောသူများပေါ်လိမ့်မည်၊ အစားထိုးခြင်းလောကနှင့် အခြားဆောင်းပါးများ)စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် ဂန္ဓာရုံက ဆေးဖက်ဝင်တော့မလား၊ အနီရောင်က mitochondria ကို လှုံ့ဆော်ပေးပြီး သွေးချိုကျစေတယ်၊ ရေမှာလဲ အသိဉာဏ်မှတ်ဉာဏ်ရှိပါတယ်၊ ကြောင်တွေရဲ့ ထူးခြားတဲ့ ဆီးအနံ့၊ ကိုယ်စိတ်ကျန်းမာရေးက အူထဲက ပိုးတွေနဲ့လဲ ပတ်သက်တယ်၊ သက်ကြီးစကား သက်ငယ်ကြား၊ အပင်တွေရဲ့ အဆိပ်တွေကို ကျွန်ုပ်တို့ အရသာခံပြီး စားသုံးနေကြတယ်၊ ပုန်းသောသူများ ပေါ်လိမ့်မည် သေသောသူများ ရှင်လိမ့်မည်၊ အနာဂတ်မှာ စက်ရုံက ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးပေးလာနိုင်မလား၊ US မှာလဲ H5N1 အတွက် ကြက်တွေကို ကာကွယ်ဆေးသုံးတော့မယ်၊ ခန္ဓာကိုယ်ကထွက်တဲ့ အလင်းခါတ်၊ ဥကြက်မအတု (false layers)၊ ခွေးနဲ့ လူသား ကင်ဆာဆေးရှာပုံတော်မှာ အညမညဖြစ်ကြတယ် စသည့်ဆောင်းပါးများဖြင့် လူ့သက်တမ်းတစ်လျှောက် ကျန်းကျန်းမာမာနှင့် အသက်ရှင်နေထိုင်နိုင်ရေး ဖြည့်ဆည်းနိုင်မည့် ကျန်းမာရေးဆိုင်ရာအသိပညာ၊ သတင်းအချက်အလက်များကို စုစည်းရေးသားထားပြီး




စာဖတ်သူများအတွက် အကျိုးတစ်စုံတစ်ရာမက ရရှိစေမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ကိုလတ်စာပေအမှတ် ၂၀၀ ၃၁လမ်း(အပေါ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၉၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈၊ ၀၉ ၉၆၅၀၂၀၀၆၈ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် တစ်နိုင်ငံလုံးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **မြန်မာ့အလင်း**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ တတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာပေးရာ ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်း အသိပေးထုတ်ပြန်ကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများရှိ သတ်မှတ်နေရာများတွင် ထုတ်ပြန်ကြေညာပေးထားရာ ဒေသခံပြည်သူများက စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့သည်။



**လာရောက်ကြည့်ရှု**

ယခု တတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ သက်ဆိုင်ရာ နယ်မြေအလိုက် မဲစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ သိရှိနိုင်ရန် ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ထုတ်ပြန်ကြေညာထားရှိမည်ဖြစ်ကြောင်း သိရပြီး ယနေ့ နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာပေးထားသော မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အမည် မဲစာရင်းတွင် ပါ၊ မပါ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**အေးမဉ္ဇူ**



အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက်က ညောင်ကွဲရပ်ကွက် အကွက်(၄၁၅/N3၊ ၄၁၅/N2၊ ၄၁၅/N1၊ ၈၊ ၁၄) အတွင်းရှိ မဲရုံများနှင့် မဲရုံအနီးပတ်ဝန်းကျင်အား တစ်အိမ်တက်ဆင်းစစ်ဆေးစဉ်။

မောင်ကျော်ကြီး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး နေပြည်တော်တွင် ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၄) ဦး ခန့်ထားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများအနက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရုံးတို့တွင် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁) ဦးစီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးရုံးတို့တွင် အငယ်တန်းစာရေး (၁) ဦးစီ ခန့်ထားမည် ဖြစ်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး (လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊ | ၄ ဦး |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊ ကွန်ပျူတာအခြေခံ လက်မှတ်ရရှိသူ၊ | ၉ ဦး |

၂။ အထက်ပါရာထူးများအတွက် လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
- (ဂ) အငယ်တန်းစာရေးနှင့် ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် (၃၁-၁၂-၂၀၂၅) ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၃၀) နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- (ဃ) ရွေးချယ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။
- (င) ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။
- (စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဆ) နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်-
- (က) အမှတ်စဉ် ၁(က)၊ (ခ) အတွက် ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း ထောက်ခံစာ (သို့မဟုတ်) အောင်လက်မှတ် မိတ္တူ။
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် လိုင်စင်ဓာတ်ပုံ (၄) ပုံ။
- (ဂ) လွန်ခဲ့သော (၁) လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။
- (ဃ) ဝန်ထမ်း မဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

၄။ နေပြည်တော်အတွက် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ပြည်ထောင်စုဥပဒေ ဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ စီမံနှင့်လေ့ကျင့်ဌာန၊ နေပြည်တော်သို့လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံးများသို့ လည်းကောင်း ၂၀-၁-၂၀၂၆ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ လျှောက်လွှာများကို ၇-၁-၂၀၂၆ ရက်မှစ၍ သက်ဆိုင်ရာရုံးများ၌ သွားရောက်ထုတ်ယူနိုင်ပါသည်။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ အထောက်အထား မပြည့်စုံသူများနှင့် သတ်မှတ်ရက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ) လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ကတ်များကို ၂၃-၁-၂၀၂၆ ရက် နေပြည်တော်ရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင် ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်မူရင်းဖြင့် ကိုယ်တိုင်လာရောက်ထုတ်ယူ ရမည်ဖြစ်သည်။

၇။ အမှတ်စဉ် ၁(က) ရာထူးအတွက် မြန်မာစာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကိုလည်းကောင်း၊ အမှတ်စဉ် ၁(ခ) ရာထူးအတွက် မြန်မာစာ၊ အထွေထွေဗဟုသုတ ဘာသာရပ်နှင့်လက်တွေ့ ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးသွားမည် ဖြစ်ပါသည်။

၈။ လူတွေ့နှုတ်ဖြေစာမေးပွဲ စစ်ဆေးခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်- (ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့ လာရောက်ဖြေဆိုရာတွင် ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ ကွန်ပျူတာ အခြေခံသင်တန်းဆင်း အောင်လက်မှတ်များ ယူဆောင်လာရမည်)
- (က) ၂၆-၁-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် (၉:၀၀) မှ (၁၁:၀၀) နာရီ အချိန်အထိ အငယ်တန်းစာရေးရာထူးနှင့် ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေမှူးရာထူး လျှောက်ထားသူများ ရေးဖြေဖြေဆိုပါမည်။
- (ခ) ၂၇-၁-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် (၁၁:၀၀) နာရီအချိန် ရေးဖြေအောင်မြင်သူစာရင်း ကြော်ငြာပါမည်။
- (ဂ) ၂၈-၁-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀:၀၀) နာရီအချိန်မှစ၍ ရေးဖြေအောင်မြင်သူများ လူတွေ့စစ်ဆေးမှု ပြုလုပ်ပါမည်။
- (ဃ) ၂၈-၁-၂၀၂၆ ရက်နေ့၊ မွန်းလွဲ (၁၃:၀၀) နာရီ အချိန်မှစ၍ ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူးရာထူး လျှောက်ထားသူများသည် လက်တွေ့ ကွန်ပျူတာကျွမ်းကျင်မှုအား တစ်ပါတည်း စစ်ဆေးမှုပြုလုပ်ပါမည်။
- (င) ဖြေဆိုမည့်နေရာ - ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၆) စွမ်းအင်ဝန်ကြီးဌာနနှင့် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာနတို့အကြား၊ ဇေယျဌာနီလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

၉။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ နေပြည်တော်၊ စီမံနှင့်လေ့ကျင့်ဌာန၊ ဖုန်း-၀၆၇-၃၄၁၂၇၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## အမည်ပြောင်း

ဘားအံမြို့နယ်၊ လှာကာကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-7 မှ (ဘ) ဦးလှမျိုးအောင်၏သား မောင်ဝေယံမိုးမြင့်အောင်အား မောင်နိုင်နိုင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမင်းနိုင် ၇/ဝမန(နိုင်)၁၃၇၁၇၈ ၏ ပတ်စ်ပို့စာအုပ်အမှတ် (MJ-337221) ၏ OWIC ကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း -၀၉-၄၂၈၁၃၉၈၈၀

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ
## အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီမံခန့်ခွဲလျက်ရှိသော
## ခရေတည်းခိုခန်းကို ငှားရမ်းမည်

ရွှေစည်းခုံစေတီတော်အနီးရှိ ခရေတည်းခိုခန်းကို ၁-၁-၂၀၂၆ ရက်မှစတင်၍ (၅)နှစ် စာချုပ်ဖြင့် ငှားရမ်းလိုပါသည်။ တည်းခိုခန်းမှာ ပြည်တွင်းဧည့်သည်များတည်းခိုရန် ဖြစ်ပါသည်။ တည်းခိုခန်း လုပ်ငန်းအပြင် အမှတ်တရပစ္စည်းရောင်းချခြင်း၊ အဆာပြေအစားအစာ ရောင်းချခြင်းတို့ကိုပါ တွဲဖက်ဆောင်ရွက်နိုင်သောနေရာ ဖြစ်ပါသည်။ စိတ်ပါဝင်စားလိုသူများအနေဖြင့် ၁၃၈၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက် ၈-၁-၂၀၂၆ ရက် နောက်ဆုံးထား၍ ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားနိုင်ပါရန်နှင့် လေလံဆွဲဝယ်သည့်အချိန်တွင် သတ်မှတ်ထားသော စားပွဲတင်စပေါ်ငွေ ကျပ်သိန်း (၁၀၀) ကို တင်သွင်းရမည်ဖြစ်ပါသည်။ ဈေးပြိုင်လေလံစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါ၍ (၁၃၈၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်) ၉-၁-၂၀၂၆ ရက် နံနက် (၁၀:၀၀) နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ညောင်ဦးမြို့**
**ဖုန်း-၀၉- ၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၃၄၂၅)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကကို အမည်ပေါက် ဦးစိုးဝင်း(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘိလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ ဒေါ်လှဲ့လှဲ့မာ (ဘ) ဦးမြင့်ဦး ၁၀/သထန(နိုင်)၁၄၀၆၅၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၃၈/၂၀၂၅)၊ တရားမဇာရီမှုအမှတ် (၅၈/၂၀၂၅)တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၉၉

ဒေါ်မော်မော်မြင့် **နှင့်** ဦးလှထွန်း ( ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးစိန်လှထွန်း )

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ- ၉)၊ ၄၉ x ၅၀ လမ်းကြား၊ ၁၁၆ x ၁၁၇ လမ်းကြားနေ ဦးလှထွန်း (ဘ) ဦးညွန့်ခင် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးစိန်လှထွန်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မော်မော်မြင့်က "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးလှထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/66518, Yamaha FZ, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်ဝေ ၉/အမရ(နိုင်)၁၃၈၂၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/11637 Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ထွန်း ၉/တတဥ(နိုင်)၀၉၄၁၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5877 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးစနမ်တန်ဝါ ၁/မကန(နိုင်)၀၉၄၄၅၉ နှင့် ဦးကျနမ်တန် အမည်သည် တစ်ဦးတည်းဖြစ်ပြီး သမီးဖြစ်သူ မဂျာဆိုင်းပန် ၁/မကန(နိုင်)၁၅၉၃၈၁ နှင့် မကျနမ်ဂျာ ဆိုင်းပန် အမည်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၉)၊ ဦးပိုင်အမှတ် ၃၅ + ၄၆ အတွင်းမှ (၄၆) ခဲစင်း၊ ၅၇ x ၅၈ ကြား၊ ၄၀ x ၄၁ လမ်းကြားရှိ ဂရန်မြေကွက်ပေါက်သူ ဦးဝမ်ရှိခိုင်(ခ)ဝင်းဆွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၁၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်စွာမိုး ၉/မရတ(နိုင်)၀၀၁၀၃၇ က အမှုတွဲအမှတ် (၄၅၂၅/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်
## စာပေ
## လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၈၉၈၀ Max Thai-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲစုထွေး ၉/မဟမ(နိုင်) ၀၂၃၉၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/11545 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ထွန်း ၉/တတဥ(နိုင်)၀၉၄၁၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/68994, YAMAHA FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အုန်း ၇/တငန(နိုင်) ၁၁၀၃၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/53121 Canda - 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ထွန်း ၉/တတဥ(နိုင်)၀၉၄၁၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ပုဗ္ဗသီရိမြောက်ရပ်)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၂၇၄၉) ကို အမည်ပေါက် ဒေါက်တာတင်ထွန်း (ဘ) ဦးလှိုင် ၁၂/မရက(နိုင်)၀၃၈၉၇၇ မှ ဦးကောင်းထက်ယံ (ဘ) ဦးဇော်မိုး ၁၂/မရက(နိုင်)၁၅၉၁၈၅ ဒေါ်ရတီရွှေစင် (ဘ) ဦးတင်အောင်မိုး ၁၀/သထန(နိုင်)၁၉၃၅၆၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ရှိ မြေကွက်အမှတ်(ပ-၂၀၉၂၆) ကို အမည်ပေါက် ဒေါ်အိမွန်ဝင်း (ဘ) ဦးဝင်းဆောင် ၁၄/ကခန(နိုင်)၀၇၃၃၅၂ မှ ဦးဝဏ္ဏ (ဘ) ဦးစိုးသိန်း ၉/ပဥလ(နိုင်)၀၀၃၁၈၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဆန်းလင်း (ဘ) ဦးစံညို ၅/ဝလန(နိုင်) ၀၃၇၅၃၂ ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ လလ-၁၄၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် (၅၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဒေါ်ငြိမ်းငြိမ်းအေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ငြိမ်းငြိမ်းအေး (ဘ) ဦးသွင် ၉/မနတ(နိုင်)၀၀၇၆၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း နောက်ဆုံးထားပြီး ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းရဝေလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၈၃၇)**
**၃၇ (ဒီ) လမ်း၊ လမ်း ၆၀၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉- ၄၀၆၅၆၇၁၁၈၊ ၀၉-၇၅၀၁၈၈၀၀၈**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

### (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ-၁၁)

### ဒဂုံမြို့သစ်ခရိုင်တရားရုံး

### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၇၄

ဒေါ်ဝင်းဝင်းအေး --------------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ ကျောက်စိမ်း(၁)လမ်း၊ အမှတ် ၁၂၈ နေ မောင်ဘုန်းမြတ်ပိုင်နှင့် မသက်မှူးပိုင်သူနှင့် ၎င်းပိုင်သော ကိုယ်နှင့်ပစ္စည်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၄) ရပ်ကွက်၊ ကျောက်စိမ်း(၁) လမ်း၊ အမှတ် ၁၂၈ နေ ဒေါ်ဝင်းဝင်းအေးက အထက်အမည်ပါသော အရွယ်မရောက်သေးသူ မောင်ဘုန်းမြတ်ပိုင်နှင့် မသက်မှူးပိုင်သူတို့၏ မိခင်အရင်းဖြစ်သည်ဟူ၍လည်းကောင်း၊ သူ၏ ကိုယ်နှင့် ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကိုလူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်)နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
တွဲဖက်ခရိုင်တရားသူကြီး (၁)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)

### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၇၆

၁။ ဒေါ်စိုးစိုးရီ နှင့် ဦးတင်အေး
၂။ ဒေါ်ခင်ခင်နု
၃။ ဒေါ်သန်းသန်းနု
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် ၉၈၅ နေ ဦးတင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးထွန်းသာ၏သား ဦးဝင်းခိုင်ထွန်း ၁၀/သထန(နိုင်)၁၉၆၂၈၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၂၅၄၈၅၆၀

## ပတ်စ်ပို့ပျောက်

ကော့သောင်းမြို့၊ ဘုရင့်နောင် အင်ပူပါတ်လမ်း၊ အမှတ် ၄၀၈-Aနေ (ဘ)ဦးထွန်းမောင်၏သမီး ဒေါ်ထွေး မြိုင် ၉/မမန(နိုင်)၀၁၄၃၀၄ ၏ ပတ်စ်ပို့နံပါတ် MB-913507 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၉၀၂၇၆၉

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7299 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပါပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက်၊ အကွက်အမှတ်(၁၉-ခ)၊ အကွက် အမည် ကန်ခေါင်းကွင်း၊ ဦးပိုင်အမှတ် (ခ/၁၂၂)၊ ဧရိယာ (၀ဒသမ၀၂၅)ကေရှိ ဘိုးဘပိုင် မြေအမည်ပြောင်းပေးရန် ဦးမြတ်ကိုမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက် မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တွင်းရပ်၊ ဗဟိုစည်လမ်းနေ (ဦးဝင်းနိုင်)-ဒေါ်အေးအေးသင်း ၁၀/မလမ(နိုင်)၀၄၆၀၀၈ တို့၏သားဖြစ်သူ မောင်ကျော်ဝဏ္ဏစိုး ၆/ထဝန(နိုင်)၁၂၃၁၆၂သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘဆွေမျိုးများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်အေးအေးသင်း

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်

### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၉

ဒေါ်စိုးအိအိဖြူ နှင့် ဦးသိန်းအောင်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သုခ (၃) လမ်း၊ အမှတ် (၉၉၈) နေ ဦးသိန်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်တို့အပေါ်၌ ပဋိညာဉ်အတိုင်းအိမ်နှင့် မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်(၁၃၈၇ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေသော်သော်ဝင်း)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အုပ်စုအမှတ်(၁၁)၊ အကွက်အမှတ် (၇၇)၊ ဦးပိုင်အမှတ် ၅၀ (ဃ)၊ မြေချိန်ဧရိယာ (၀.၁၂၀)ကေအနက်မှ မြေပေါ်တွင် (A) အမှတ်ပြု ဖြစ်သောမြေချိန်ဧရိယာ (၀.၀၈၀)ကေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချသူများ ဖြစ်ကြသော ဒေါ်စန်းစန်းဝင်း (၁၀/မလမ(နိုင်)၀၇၈၂၃၁)၊ ဒေါ်အေးအေးမြင့် (၁၀/မလမ(နိုင်)၀၃၇၄၈၂)၊ ဦးသိန်းဝင်း (၁၀/မလမ(နိုင်)၀၇၈၅၁၈)၊ ဦးတင်အေး (၁၀/မလမ(နိုင်)၀၃၆၅၅၀)၊ ဦးကျော်ဦး (၁၀/မလမ(နိုင်)၀၇၆၉၀၆) တို့ထံမှ လွှဲပြောင်းဝယ်ယူရန်အတွက် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ တိုင်းရင်းဆေးရုံလမ်း၊ အမှတ် (၇၀) နေ ဦးပြည့်ဖြိုးအောင် (၁၀/ မလမ(နိုင်)၁၈၇၀၁၆) ထံမှ(၂၀-၁၂-၂၀၂၅)ရက်တွင် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယင်းအိမ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၆/၂၃-၅-၂၀၁၃)**
**အမှတ် (၅)၊ စွန်းလွန်းလမ်း၊ တောင်ဝိုင်းဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၂၆၄၉၄၆၅၁၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RAI/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၃၆-ဈ/၂)၊ ဂရန်အမှုတွဲအမှတ် (၂၀၉/၂၀၂၂-၂၃)အရ ဦးချစ်ထွေး(ခ) ဦးထောကြူ အမည်ဖြင့် မြေငှားဂရန် ရရှိထားသော မြေဧရိယာ (၀ဒသမ၉၀)ကေထဲမှ အကျယ်အဝန်း မြေဧရိယာ(၀ဒသမ၀၇၅)ကေ အကွက်အမှတ်(A-2) (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (အုတ်တံတိုင်းခတ် အပြီးအစီး) တို့ကို ဒေါ်စန္ဒာအေး ၁၃/ကမန(နိုင်)၁၃၃၂၃၄ ထံမှ ဦးခင်မောင်ငယ် ၅/ကလထ(နိုင်)၁၄၇၁၂၃ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာ သည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ငယ်** **ဦးနေမျိုးဇော် (LL.B,D.B.L)**
**၅/ကလထ(နိုင်)၁၄၇၁၂၃** **တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး (၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၀)၊ နတ်စင်ကုန်းအကွက်၊ ဦးပိုင်အမှတ် (၅၁)၊ မြေဧရိယာ (၀ဒသမ၀၈၁)ကေအနက်မှ (၀ဒသမ ၀၂၈) ကေရှိ မြေကွက်အား အရှေ့ဘက်-လမ်းကြား၊ အနောက်ဘက်-ဦးပိုင်အမှတ် (၅၀)၊ တောင်ဘက်-ဦးပိုင်အမှတ် (၅၁)၊ မြောက်ဘက်-လမ်းကြားရှိ မြေကို (ဘိုးဘပိုင်မြေ အမည်ပြောင်း) ပေးရန် ဒေါ်သန်းနွယ်မှ လျှောက်ထားလာသည့်အတွက် ဒေါ်သန်းနွယ်၏အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ မင်းလမ်းအကွက်၊ ဦးပိုင်အမှတ် (၇၂ᵇ)၊ မြေဧရိယာ (၀ဒသမ၀၃၂)ကေရှိ မြေကွက်အား အရှေ့ဘက်-အာဇာနည်လမ်း၊ အနောက်ဘက်-ဦးပိုင်အမှတ် (၇၂ᵃ)၊ တောင်ဘက်-ဦးပိုင်အမှတ် (၇၂ᶜ)၊ မြောက်ဘက်-လမ်းကြားရှိ မြေကို (ဘိုးဘပိုင်မြေ အမည်ပြောင်း) ပေးရန် ဒေါ်အိချိုမှ လျှောက်ထားလာသည့်အတွက် ဒေါ်အိချို ၏အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့

## ဖခင်အမည်မှန်

မိုင်းရှူးမြို့နယ်၊ အထက (ဝမ်ကန်)၊ Grade-9 မှ မောင်ဇင်လင်းအောင်၏ ဖခင်အမည်မှန်မှာ မောင်ဇော်မြင့် (၅/ခဥန(နိုင်)၀၁၇၄၆၉) ဖြစ်ပါကြောင်း။

## ဖခင်မှတ်ပုံတင်အမှတ်အမှန်

အထက (၂) ရပ်စောက် Grade- 6 မှ မခိုင်ခိုင်မွန်နှင့် အမက (မြေနီကုန်း) Grade-2 မှ မောင်ဘုန်းပြည့်မောင်တို့၏ ဖခင်မှတ်ပုံတင်အမှတ်အမှန်မှာ ဦးခင်မောင်မြင့် (၁၀/ရမန(နိုင်)၁၆၉၅၅၈) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာ၊ Wing-3 ၊ တိုက် (B)၊ အခန်း (၃၀၄)၊ စက်မှုဇုန် (၃)လမ်း၊ (၈) ရပ်ကွက်ရှိ တိုက်ခန်းနှင့် Owner Book မူလပိုင်ဆိုင်သူဟု ဝန်ခံကတိပြုသူ ဦးတင်ဦး ၁၄/ပတန(နိုင်)၀၀၆၈၈၇ ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါကိစ္စရပ်အား ကန့်ကွက်လိုသူများရှိပါက သတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစံဖူး ၁၃/လလန(နိုင်) ၀၀၀၅၉၃**
**ဖုန်း-၀၉-၄၂၁၁၄၇၉၈၈**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

